ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် တော်သလင်းလကွယ်၊ စနေနေ့။ Saturday , 1 October 2016 (၈၇၀၁)

# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၃၀**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) (MICC–1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်း၊ အာဆီယံပါလီမန်များ ညီလာခံသီချင်း၊ အာဆီယံသီချင်းနှင့် ပြည်ထောင်စုအင်အား သီချင်းတေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန်များညီလာခံကို ပထမဦးဆုံးအကြိမ် လက်ခံကျင်းပရသည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် များစွာ ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံတွင် ပြည်ထောင်စုလွှတ်တော်သည် အာဆီယံပါလီမန်များညီလာခံ၏ တင်းပြည့်အဖွဲ့ဝင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

## လူထုကိုအလေးထားတဲ့ လူထုဗဟိုပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ချက်များနဲ့ အာဆီယံအဖွဲ့ကြီးကို ဖွဲ့စည်းထားတာဖြစ်

**နေပြည်တော် စက်တင်ဘာ ၃၀**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**လေးစားအပ်ပါသော အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ၊ အာဆီယံပါလီမန်အသီးသီးမှ ဥက္ကဋ္ဌများ၊ ပါလီမန်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နဲ့ ဧည့်သည်တော်များရှင့်-**

ဒီကနေ့ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားမှာ အဖွင့်မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ပြောကြားလိုပါတယ်။ ယခုနှစ် အာဆီယံပါလီမန်များ ညီလာခံကို ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း လက်ထက်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံး၊ ဒီညီလာခံကို ထောက်ခံကြောင်းပြောကြားခဲ့ကြတဲ့ အာဆီယံခေါင်းဆောင်များအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်မရှိဘဲ နှစ်ပေါင်းများစွာကြာမြင့်ခဲ့တဲ့မြန်မာနိုင်ငံဟာ ၂၀၁၁ ခုနှစ်မှာ လွှတ်တော်ပြန်လည်ပေါ်ပေါက်လာပြီး နောက်ပိုင်းကစလို့ အာဆီယံပါလီမန်များညီလာခံကို တက်ရောက်ပါဝင်ခဲ့တာ အခုဆိုရင် (၆)ကြိမ်ပြည့်မြောက်ခဲ့ပါပြီ။ ကျွန်မတို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။ အဲဒီကာလတုန်းက မြန်မာနိုင်ငံဟာ အာရှမှာ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အစောဆုံးနိုင်ငံတွေအထဲမှာ ပါခဲ့ပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များအစည်းအရုံး အတွင်းရေးမှူးချုပ်တို့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များအစည်းအရုံး အတွင်းရေးမှူးချုပ်တို့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





## နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မဒမ် ငုယင်သီကင်ငမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လွမ်းထွီဖူးအုန်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ရန်ကုန်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**
သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၁၆)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

**လက်ခံယူကြမည်**


အဆိုပါ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါ ဆေးရုံကြီးရှိ သံဃာတော်များပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစု အသီးသီးတို့တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



## နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်ခဲ့မှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ်ရာဘုစ်အက်တိစ်အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ထိုင်းနိုင်ငံတွင် ဇီကာပိုင်းရပ်စ်ကူးစက်ခံထားရမှုနှစ်ခုဖြစ်ပွား

**ဘန်ကောက် စက်တင်ဘာ ၃၀**

ထိုင်းကျန်းမာရေးတာဝန်ရှိသူများက ဇီကာပိုင်းရပ်စ်ကူးစက်ခံထားရမှုကြောင့် ဦးခေါင်းသေးသေးဖြင့် မွေးလာသည့်ကလေးနှစ်ဦးတွေ့ရကြောင်း ထုတ်ဖော်ပြောကြားသည်။ ယင်းမှာ အရှေ့တောင်အာရှတွင် ခြင်မှတစ်ဆင့်ကူးစက်သည့် ဇီကာပိုင်းရပ်စ်ကူးစက်ခံရမှု ပထမဆုံးအခြေအနေဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာ ၃၀ ရက်တွင် ဦးခေါင်းသေးသေးဖြင့်မွေးလာသည့် ကလေးနှစ်ဦးတွေ့ရကြောင်း၊ ကလေးနှစ်ဦး၏မိခင်များကို သွေးနှင့် အခြားသောစမ်းသပ်စစ်ဆေးမှုများအရ ကိုယ်ဝန်ဆောင်ထားစဉ် ဇီကာပိုင်းရပ်စ်ကူးစက်ခံရခြင်းဖြစ်ကြောင်း ထိုင်းကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

အမျိုးသမီးများကိုယ်ဝန်ဆောင်ထားစဉ် ဇီကာပိုင်းရပ်စ်ကူးစက်ခံရပါက မွေးဖွားလာသည့် ကလေးများတွင် ဦးခေါင်းသေးငယ်ပြီး ဉာဏ်ရည်မဖွံ့ဖြိုးကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ထိုင်းနိုင်ငံတွင် ဇီကာပိုင်းရပ်စ်ကူးစက်ခံရမှု ၃၀၀ ကျော်ရှိနေသည်ဟု ဇန်နဝါရီလကတည်းက အတည်ပြုထားသည်။

ထိုင်းအစိုးရက ခြင်နှိမ်နင်းရေးလုပ်ငန်းများနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအစီအမံများကို လုပ်ဆောင်လျက်ရှိသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကိုယ်ဝန်ဆောင်အမျိုးသမီးများ ထိုင်းနိုင်ငံသို့ ခရီးသွားလာခြင်းမပြုလုပ်ရန် အကြံပြုထားသည်။ စင်ကာပူနိုင်ငံနှင့် အခြားဒေသများတွင်လည်း ဇီကာပိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။ **အင်န်အိတ်ချ်ကေ။**

# အစ္စရေးသမ္မတဟောင်း ရှီမွန်ပီရက်စ်အတွက် နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပ

**ဂျေရုဆလင် စက်တင်ဘာ ၃၀**

ကွယ်လွန်သူ အစ္စရေး သမ္မတဟောင်း ရှီမွန်ပီရက်စ်၏ နိုင်ငံတော်ဈာပနအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ဂျေရုဆလင်မြို့၌ ကျင်းပရာ ကမ္ဘာတစ်ဝန်းမှ ခေါင်းဆောင်အများအပြား တက်ရောက်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံထူထောင်သူ ပုဂ္ဂိုလ်များအနက် နောက်ဆုံးသက်ရှိထင်ရှားရှိခဲ့သူ ပီရက်စ်သည် ကွယ်လွန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီဖြစ်သည်။ ပီရက်စ်သည် စက်တင်ဘာ ၂၈ ရက်တွင် တဲလ်အဗစ်မြို့အနီးရှိ ဆေးရုံတစ်ရုံတွင် ကွယ်လွန်ခဲ့သည်။

နိုင်ငံတော်ဈာပန အခမ်းအနားတက်ရောက်ရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း၊ မက္ကဆီကိုသမ္မတ ပီနာနီတို၊ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမားရှောက်ကရီ၊ ဝေလမင်းသား ချားလ်စ်၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်စသည့် ပုဂ္ဂိုလ်များ ရောက်ရှိလာခဲ့ကြသည်။

ဂျေရုဆလင်မြို့ဆင်ခြေဖုံးရှိ ဟာဇယ်တောင်ကုန်းတစ်နေရာတွင် ပီရက်စ်၏ ရုပ်အလောင်းကို ဂူသွင်းမြှုပ်နှံထားရှိမည်ဖြစ်သည်။ ပီရက်စ်သည် ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဈာပနပွဲ အခမ်းအနားတွင် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုတို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည် စတင်နိုင်ရေးအတွက် မိမိမျှော်လင့်မိကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။ **ရိုက်တာ။**



# ပါကစ္စတန်အုပ်ချုပ်သော ကက်ရှ်မီးယားဒေသရှိ စစ်သွေးကြွများကို အိန္ဒိယလက်ရွေးစင်တပ်ဖွဲ့ဝင်များတိုက်ခိုက်ဟုဆို

**နယူးဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ၏ အရေးပါသော မြို့ကြီးများအတွင်းသို့ စိမ့်ဝင်ထိုးဖောက်ကာ တိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်နေသည်ဟု သံသယရှိသော စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် ပါကစ္စတန်အုပ်ချုပ်သော ကက်ရှ်မီးယားဒေသ နယ်စပ်ကို အိန္ဒိယ လက်ရွေးစင်တပ်ဖွဲ့များက စက်တင်ဘာ ၂၈ ရက်တွင် ဖြတ်ကျော်ကာ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ဒေသတွင်းရှိ ပြိုင်ဘက် နျူလက်နက်ပိုင်ရှင် နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်နေကြောင်း ယနေ့ ရိုက်တာသတင်းတွင်ဖော်ပြသည်။

နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များ၏ အပြန်အလှန်ပစ်ခတ်မှုများအတွင်း ပါကစ္စတန်တပ်ဖွဲ့မှ စစ်သည် နှစ်ဦးသေဆုံးရကြောင်း ပါကစ္စတန်ကပြောကြားသော်လည်း ဟိမဝန္တာတောင်တန်းဒေသရှိ အငြင်းပွားနေဆဲ ရှေ့တန်းစခန်းရှိ မည်သည့် ပစ်မှတ်ကိုမဆို အိန္ဒိယတပ်ဖွဲ့များက ဖြတ်ကျော်ပစ်ခတ်မှုများမပြုဟု အိန္ဒိယအစိုးရက ငြင်းဆိုပြောကြားခဲ့သည်။

အိန္ဒိယအထူးတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့် ညသန်းခေါင်ယံ ကျော်လွန်ချိန်တွင် ကက်ရှ်မီးယားနယ်စပ်ကို ကျော်ဖြတ်ကာ စစ်သွေးကြွများ၏ စခန်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အိန္ဒိယစစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။ စစ်သွေးကြွများက နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်နေသည်ဟု သံသယမကင်းဖြစ်ရသော စခန်းများဖြစ်သည် ဆို၏။

ယင်းအခြေစိုက် စခန်းများစီးနင်းရာ၌ ဆယ်ဂဏန်းအရေအတွက်ရှိ စစ်သွေးကြွများ သေဆုံးရပြီး မည်သည့် အိန္ဒိယ တပ်ဖွဲ့ဝင်မျှ သေဆုံးခြင်းမရှိကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။ **ရိုက်တာ။**

# ငါးခိုးဖမ်းသည်ဟု မသင်္ကာသော ရေယာဉ်ကို ဖမ်းဆီးစဉ် မီးခိုးဗုံးကြောင့် တရုတ်ရေလုပ်သား သုံးဦးသေဆုံး

**ဆိုးလ် စက်တင်ဘာ ၃၀**

ငါးခိုးဖမ်းမှုဖြင့် တရုတ်ရေလုပ်သားများကို လက်ရဖမ်းဆီးနိုင်ရန် တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ကြိုးပမ်းစဉ် ငါးဖမ်းရေယာဉ်ပေါ်မီးခိုးဗုံး ပေါက်ကွဲမှုကြောင့် ရေလုပ်သားသုံးဦး သေဆုံးရကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ငါးခိုးဖမ်းသည်ဟု မသင်္ကာရသော ရေယာဉ်ပေါ်မှ တရုတ်ရေလုပ်သားများသည် အခန်းတစ်ခန်းအတွင်း ပုန်းအောင်းနေစဉ် တောင်ကိုရီးယားကမ်းခြေစောင့် တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မီးခိုးဗုံးဖြင့် ပစ်ပေါက်ခဲ့ပြီး ယင်းရေလုပ်သားများမှာ မီးခိုးမွန်းကျပ်ကာ သေဆုံးရသည်ဟု ယူဆရကြောင်း၊ တရုတ်ရေလုပ်သားများ၏ ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးရန် ညွှန်ကြားထားကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်တွင် အခြားရေလုပ်သား ၁၄ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပိုင်နက်ရေပြင်အတွင်း မသင်္ကာဖွယ်ရာ ငါးဖမ်းရေယာဉ်တစ်စင်း ဝင်ရောက်နေသည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က သိရှိခဲ့ပြီးနောက် ကြည့်ရှုစစ်ဆေးရန် တပ်ဖွဲ့ဝင်များကို ညွှန်ကြားခဲ့သည်။

တရုတ်ရေလုပ်သားများသည် ကမ်းခြေစောင့် တပ်ဖွဲ့ဝင်များ၏ အမိန့်ကို နာခံခြင်းမရှိကြောင်း၊ ရေယာဉ်ကို ရပ်တန့်ပေးခြင်း မရှိဘဲ ဆက်လက်ထွက်ခွာသွားပြီး ရေလုပ်သားများမှာ အခန်းတစ်ခန်းအတွင်း ပုန်းအောင်းနေခဲ့ကြကြောင်း တောင်ကိုရီးယားကမ်းခြေစောင့် တပ်ဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

# နယူးယောက်မြို့ ဟိုဘိုကန်ဘူတာရုံတွင် ခရီးသည်တင်ရထား ဘူတာရုံကိုဝင်တိုက်

**နယူးယောက် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်း လူစည်ကားချိန်၌ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် နယူးယောက်မြို့တော်ရှိ ဟိုဘိုကန်ဘူတာရုံတွင် ခရီးသည်တင်ရထားတစ်စင်းက ဘူတာရုံကိုဝင်တိုက်ခဲ့ရာ ခရီးသည်တစ်ဦးသေဆုံးခဲ့ပြီး ၁၁၄ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရသိရသည်။

အမေရိကန်ယာဉ်စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်များက အဆိုပါရထားမောင်းနှင်သူအား စစ်ဆေးမေးမြန်းမှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ အမျိုးသားပို့ဆောင်ရေးလုံခြုံဘေးကင်းရေးအဖွဲ့ တာဝန်ရှိသူများက ရထားမောင်းနှင်လာသည့်အရှိန်၊ ဘရိတ်ကောင်းမွန်မှုရှိ၊ မရှိနှင့် အခြားသော မီးရထားဆိုင်ရာ အချက်အလက်များအပြင် မီးရထားမောင်းနှင်သူ ထိုင်ခုံဘေးရှိ မှတ်တမ်းတင်ထားသောပုံရိပ်များကို အသေးစိတ် စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ စစ်ဆေးမှုများပြုလုပ်ရာတွင် ခုနစ်ရက်မှ ၁၀ ရက်ခန့် အချိန်ယူရမည်ဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

အဆိုပါရထားသည် ဘူတာရုံသို့ ဝင်ရောက်လာသော်လည်း အရှိန်သတ်မှုမရှိခဲ့ကြောင်း ခရီးသွားပြည်သူများက စုံစမ်းစစ်ဆေးသူများအား ပြောကြားခဲ့သည်။ အသက်(၄၈)နှစ်အရွယ် ရထားမောင်းသူမှာ ၁၀ နှစ်ကျော် ရထားမောင်းအတွေ့အကြုံရှိပြီး မည်သည့်မတော်တဆမှုမျှ ကြုံတွေ့ခဲ့ခြင်းမရှိသေးကြောင်း အမေရိကန်မီဒီယာများက ဆိုသည်။ အခင်းဖြစ်ပွားပြီးနောက် ရထားမောင်းသူတွင်လည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။



၂၀၁၁ ခုနှစ်က ဟိုဘိုကန်ဘူတာရုံတွင် အလားတူအဖြစ်အပျက်မျိုး ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ပွားမှုတွင် အနည်းဆုံးလူ ၃၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ မီးရထားများတွင် ရထားများ ဘေးကင်းရေးစနစ်တစ်ခု တပ်ဆင်ရန် မီးရထားအင်ဂျင်နီယာများက စီစဉ်လျက်ရှိသည်။ အဆိုပါစနစ်သည် မီးရထားမတော်တဆမှုနှင့် ရင်ဆိုင်ရပါက အလိုအလျောက် အရှိန်ကိုလျှော့မည်ဖြစ်ပြီး မီးရထားကို ရပ်တန့်သွားစေမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူးနှင့် အာဆီယံပါလီမန်များညီလာခံ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**
(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌရာထူးနှင့် အာဆီယံပါလီမန်များညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်ရာထူး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) (MICC – 1) မြခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းလက်ခံသည်။

အခမ်းအနားတွင် မလေးရှားနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒါတု ရိုနယ်လ် ကီယန်ဒီက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဒုတိယသက်တမ်းတွင် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ပထမဆုံးအကြိမ်လက်ခံကျင်းပရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မလေးရှား အောက်လွှတ်တော်ဥက္ကဋ္ဌ တန်စရီ ဒါတုပန်ဒီကာ အာမင်မူလီယာအား အာဆီယံပါလီမန်များ ညီလာခံကို ဦးဆောင်ဦးရွက်ပြုခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် (၃၅) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ကျင်းပပြီးစီးသည့်အချိန်မှစ၍ ယခု ၂၀၁၆ ခုနှစ်တွင် ကျင်းပသော (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံအထိ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သဘောထားကြီးမှုသည် အာဆီယံပါလီမန်များညီလာခံ၏ အောင်မြင်မှုအတွက် တန်ဖိုးကြီးမားသော လုပ်ဆောင်မှုတစ်ရပ်အဖြစ် မိမိတို့အားလုံးက အသိအမှတ်ပြုပါကြောင်း။

အာဆီယံပါလီမန်များ ညီလာခံ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ နှစ်စဉ် အထွေထွေညီလာခံ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးသည့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ပီအိုရမ်အား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ယခုညီလာခံပြင်ဆင်ရေးအတွက် အဆင့်မြင့်ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီး အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင်လွှတ်တော်များ၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ညီလာခံသို့ လွှတ်တော်အသီးသီးမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်လာခြင်းနှင့် အမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌများ ပါရှိလာခြင်းသည် အားတက်ဖွယ်ဖြစ်ပါကြောင်း၊ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌအနေဖြင့် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံပါလီမန်များ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို လက်ရှိတာဝန်ထမ်းဆောင်နေသည့် စင်ကာပူနိုင်ငံမှ မစ္စတာ ပီအိုရမ်က ထိုင်းနိုင်ငံမှ Mr. Isra Sunthornvat ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အာဆီယံပါလီမန်များ ညီလာခံ အမှုဆောင်ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် ညီလာခံသို့ တက်ရောက်လာသည့် အာဆီယံ ပါလီမန်များမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဆီယံ ပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းလက်ခံစဉ်။ (သတင်းစဉ်)



(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌရာထူးနှင့် အာဆီယံ ပါလီမန်များညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်ရာထူး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)


## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၇)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၃၀**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစိုးမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးရွှေ(ခ) ဒေါက်တာတင်ဌေးအောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံးရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၇/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးစန်းရွှေ (ဥပဒေကျွမ်းကျင်သူ) နှင့် ဦးဝင်းမော်(ဥပဒေကျွမ်းကျင်သူ)တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ဆက်လက်ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစိုးမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်းနှင့် ရှေ့နေစရိတ် ကျပ်သုံးသောင်းသတ်မှတ်သည့်စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက် (အမိန့်)ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ စက်တင်ဘာ ၃၀ ရက်အထိ ၃၄ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၂၃ မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး၊ ဝန်ထမ်းများစွမ်းရည်မြှင့်တင်ရေးတို့ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် UNDP မှ Country Director Mr.Peter Batchelor အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဂုဏ်ပြုညစာစားပွဲ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၃၀**
(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဂုဏ်ပြုညစာစားပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ဦးကျော်ဝင်း၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့ဒေသတွင်း ရင်ဆိုင်လျက်ရှိသော စိန်ခေါ်မှုအသစ်များကို ကျော်လွှားနိုင်မည့် နည်းလမ်းများ ဆွေးနွေးနိုင်ရန်အတွက် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသည် အာဆီယံပါလီမန်များ၏ တွေ့ဆုံဆွေးနွေး နိုင်မည့်နေရာအဖြစ် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံ ဒေသအတွင်း နေထိုင်ကြသည့် ပြည်သူသန်း ၆၀၀ ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်နိုင်ရန်၊ မိမိတို့ ဝေမျှခံစားနိုင်မည့် အကျိုးစီးပွားဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းရာတွင် ဒေသ၏ နိုင်ငံရေးနှင့် လုံခြုံရေး တည်ငြိမ်မှုထိန်းသိမ်းရန် ရည်ရွယ်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

အာဆီယံ အသိုက်အဝန်းကို တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော တူညီကိုယ်စားပြုမှုနှင့် တစ်ခုတည်းသော အသိုက်အဝန်း ဆောင်ပုဒ်နှင့်အညီတည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း ထူထောင်ပြီးနောက် ၂၀၂၅ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ကို ဖော်ဆောင်ရန်အတွက် ရှေးရှုနေကြပါကြောင်း၊ ဥပဒေကို အခြေပြုသည့် အားလုံးပါဝင်ပြီး သည်းခံမှုနှင့် အလယ်အလတ်လမ်းစဉ်ကို ဦးတည်သည့် အသိုက်အဝန်းတစ်ရပ်အတွက် မိမိတို့ အတူတကွ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း။

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အခွင့်အရေးရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ အာဆီယံပါလီမန်များညီလာခံ အဖွဲ့ဝင် လွှတ်တော်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအသင်းကြီးနှင့် တူညီသော လမ်းကြောင်းပေါ် လျှောက်လှမ်းနေရသည့်အတွက် ကျေနပ်အားရပါကြောင်း၊ မိမိတို့၏ တူညီသော ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်သော အာဆီယံပါလီမန်များ အထွေထွေညီလာခံဖြစ်ရန် ခိုင်မာသေချာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာပါ အာဆီယံယိမ်း၊ မြန်မာ့ဆုတောင်းယိမ်း၊ နတ်တို့ပျော်ရာ ဝတီသာယိမ်း၊ ကချင်တိုင်းရင်းသား ရိုးရာယိမ်း၊ အိုးစည်ဒိုးပတ်ယိမ်း၊ နန်းသိင်္ဂီနန်းတွင်းယိမ်း၊ ခိုင်ပန်းစုံသုံးစုံယိမ်း၊ မြန်မာတိုင်းရင်းသားများနှင့် အာဆီယံစုပေါင်းယိမ်းအကများ၊ တစ်ခုတည်းသော အာဆီယံသီချင်း၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

# အာဆီယံနိုင်ငံများရှိ အမျိုးသမီးများအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်ဖန်တီးပေးရေး အတည်ပြုဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၃၀**
(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံဖွင့်ပွဲနေ့တွင် Committee on Women Parliamentarians of AIPA အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ The Hotel Royal ACE ရန်ကုန်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ဇနီး သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်က WAIPA ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံပါလီမန်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးလွှတ်တော်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ ဇနီး သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်ကအဖွင့်အမှာစကားပြောကြားရာ၌ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး ၊ အလုပ်အကိုင်ရရှိရေး ကိစ္စရပ် များတွင် အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အရေး ရရှိရေးနှင့် ခွဲခြားဆက်ဆံမှု ပပျောက်စေရေးဆိုင်ရာများ၊ အမျိုးသမီးများကိုလူကုန်ကူးခံရခြင်းမှ အကာအကွယ်ပေး ရေးနှင့် ဥပဒေအရကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ များ၊ အမျိုးသမီးများ၏ လူမှုဘဝလုံခြုံမှုရရှိစေရေးနှင့် အမျိုးသမီးများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အထူးအလေးထားထည့်သွင်းဆွေးနွေးရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမှုရေးအရကာကွယ်ပေးခြင်းနှင့် တန်းတူညီမျှအခွင့်အရေးပေးခြင်းဖြင့် အာဆီယံနိုင်ငံများရှိအမျိုးသမီးများအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင် ဖန်တီးပေးရေးတို့ကို အတည်ပြုဆွေးနွေးခဲ့ပြီး အာရှတစ်ဝန်းရှိ အမျိုးသမီးဝန်ထမ်းများ၏ မီးဖွားခြင်းဆိုင်ရာ အခွင့်အရေးများတိုးမြှင့်ပေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

အလားတူ ညနေ ၃ နာရီတွင် အဆိုပါဟိုတယ် တနင်္သာရီခန်းမ၌ Committee on Organizational Matters အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌအဖြစ် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက တာဝန်ယူဆောင်ရွက်ပြီး အာဆီယံပါလီမန်များညီလာခံ (AIPA) ၏ ရုံးလုပ်ငန်းဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အချက်(၁၃)ချက်ကိုဆွေးနွေးရာ ၁၁ ချက်ကိုအတည်ပြုခဲ့ပြီး ကျန်(၂)ချက်အား လာမည့် အထွေထွေညီလာခံတွင် ဆက်လက်ဆွေးနွေးအတည်ပြုနိုင်ရန် သဘောတူကြကာ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပမည့် နေ့နှင့် နေရာကို သတ်မှတ်ခဲ့သည်။

**(သတင်းစဉ်)**

## တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်အဖြစ် ဦးမြင့်ဆွေအား ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေအား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

### ❖ ရန်ကုန်စတော့အိတ်ချိန်းမှ

"FMI က ဈေးကွက်စဖွင့်ဖွင့်ချင်းမှာ ကျပ်လေးသောင်းကျော်အထိ တက်ပြီးတော့ သီလဝါရှယ်ယာဝင်လာတဲ့အခါ ပြန်ကျသွားတယ်။ သီလဝါလည်း စစချင်းမှာပဲ တက်သွားတာကျပ် ခုနစ်သောင်းအထိဖြစ်ပြီးမှ တဖြည်းဖြည်း ပြန်ကျလာတာ အခုဆို ကျပ် ၄၃၀၀၀ ပဲရှိတော့တယ်။ မြန်မာနိုင်ငံသားများဘဏ်က ကျပ်ခုနစ်ထောင်ကျော်ကနေ အခု ကျပ် ၈၃၀၀ မှာ တန်းနေတာပေါ့။ တကယ်က စတော့ရှယ်ယာဈေးကွက်က ဈေးကစားတာ ဝင်ကစားတာထက် ငွေပိုငွေလျှံ ရှိလို့ ရင်းနှီးမြှုပ်နှံထားမယ်ဆိုတဲ့သဘောပေါ့။ ဈေးကျတိုင်းလည်း အခြေအနေမကောင်းဘူးလို့ ပြောလို့မရဘူး။ ဈေးတက်တိုင်းလည်း အခြေအနေကောင်းတယ်လို့ ပြောလို့မရဘူး။ လက်ရှိမှာကလည်း အစုရှယ်ယာရောင်းနေတဲ့ ကုမ္ပဏီတွေအနေနဲ့ ရှယ်ယာအဟောင်းတွေကို ထုတ်ရောင်းနေတာဖြစ်ပြီး အသစ်ဆောင်ရွက်မယ့် လုပ်ငန်းတွေ၊ စီမံကိန်းတွေ ချမပြနိုင်သေးတော့ လူထုကလည်း စိတ်ဝင်စားမှုနည်းနေတဲ့သဘောပါ" ဟု စီးပွားရေး ပညာရှင်တစ်ဦးက သုံးသပ်သည်။

လက်ရှိတွင် စတော့ရှယ်ယာဈေးကွက်အပေါ် စိတ်ဝင်စားမှုနည်းပါးနေသည့်အတွက် အိမ်ခြံမြေနှင့် ရွှေ၊ ဒေါ်လာဈေးကွက်ကို စိတ်ဝင်စားမှုများနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ စက်တင်ဘာ ၃၀ ရက် စတော့အိတ်ချိန်း ဈေးကွက်ပိတ်အခြေအနေ FMI ကုမ္ပဏီ၏ တစ်နေ့တာအရောင်းအဝယ်ဖြစ်ရှယ်ယာ ၂၇၂၇ ဖြစ်ပြီး MTSH မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ တစ်နေ့တာ အရောင်းအဝယ်ဖြစ်ရှယ်ယာ ၂၁၇၈ ဖြစ်ကာ MCB မြန်မာနိုင်ငံသားများဘဏ်၏ တစ်နေ့တာ အရောင်းအဝယ်ဖြစ်ရှယ်ယာမှာ ၆၅၀ ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်း ဈေးကွက်အတွင်းရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ဗဟိုဘဏ်ဈေးနှုန်း ကျပ် ၁၂၅၀(ဝယ်)၊ ကျပ် ၁၂၅၅ (ရောင်း) ဖြစ်ပြီး ပြင်ပပေါက်ဈေးမှာ ကျပ် ၁၂၆၀(ဝယ်)၊ ၁၂၆၂ ကျပ်(ရောင်း) ဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၂၂ ဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ ကျပ် ၈၉၀၀၀၀ ဝန်းကျင်တွင်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

### ❍ ရန်ကုန် ဘတ်စ်ကားမှ

နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ (ကုမ္ပဏီရုံးဖွင့်ရက်တွင်) ဝယ်ယူနိုင်ကြောင်း သိရသည်။

ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်မှု Public-Private Partnership -PPP စနစ်ဖြင့် ထူထောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိရောက်စွာ တိုးတက်ပြောင်းလဲဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ ထည့်ဝင်ရင်းနှီးငွေကျပ် ၁၀ ဘီလီယံ (၄၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအပါအဝင် အများပြည်သူမှ ထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံ (၆၀ ရာခိုင်နှုန်း)ဖြင့် ထူထောင်ဆောင်ရွက်သွားရန်ဖြစ်သည်။ လက်ရှိတွင် ရောင်းချမည့် အစုရှယ်ယာများကို အများပြည်သူ မတည်ထည့်ဝင်ငွေအဖြစ် ရောင်းချသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသား အပြည့်အဝ ပိုင်ဆိုင်သော ကုမ္ပဏီများ ဝယ်ယူခွင့်ရှိကြောင်း သိရသည်။


အဆိုပါ ကုမ္ပဏီအနေဖြင့် ရောင်းချပြီး အစုရှယ်ယာမှာ လူဦးရေ ၁၁၁၄ ဦးနှင့် အစုပေါင်း ၂၄၂၆၄ စု၊ ၂၄၂၆၄ သိန်း ဖြစ်ပြီး ရောင်းချရန် ကျန်ရှိသည့် အစုရှယ်ယာကျပ်သိန်းပေါင်း ၅၇၂၆ သိန်း ဖြစ်ကြောင်းသိရသည်။ အစုရှယ်ယာရောင်းချခြင်းကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်က ခေတ္တရပ်ဆိုင်းထားခဲ့ပြီး ယခု ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"BRT ကိုစိတ်ဝင်စားပါတယ်။ လုပ်တဲ့ပုံစံလေးလည်း ကောင်းတယ်။ ရေရှည်လုပ်နိုင်ဖို့တော့ လိုပါတယ်။အမြတ်ရဖို့ဆိုတာကလည်း အများပြည်သူ ပို့ဆောင်ရေးဖြစ်နေတော့ အစိုးရရဲ့ ပံ့ပိုးမှုက အရေးကြီးတယ်။ အများစီးတဲ့ ဘတ်စ်ကားတွေကို အခွန်လျှော့ချပေးတာတို့၊ တစ်ခုခုပြန်စီစဉ်ပေးတာတို့ပေါ့။ နောက်ပိုင်း ကားတွေကိုလည်း အရည်အသွေးနဲ့ ဝန်ဆောင်မှု တစ်ပုံစံတည်း ဖြစ်စေချင်တယ်။ ရင်းနှီးမြှုပ်နှံထားဖို့ စိတ်ဝင်စားပါတယ်"ဟု ရန်ကုန်မြို့တွင်း ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက သုံးသပ်သည်။ **(ဆုနှင်းလဲ့)**

ဒေါက်တာကံညွန့်

# ဆေးပညာသတင်းဆန်းများ(၁၄၁)

စင်ကာပူနိုင်ငံရှိ သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး အစာအိမ်လမ်းကြောင်း ချို့ယွင်းတဲ့ရောဂါကြောင့် သုံးနှစ်အထိ အစာအိမ်ထဲကို ပိုက်နှင့်အစာထည့်ပြီး အသက်ရှင်လာခဲ့ရတာပါ။ သူ့ရောဂါဟာ Oesophogeal Atresia လို့ခေါ်တဲ့ ကလေးပေါင်း ၂၅၀၀ ကျော်မှာမှ တစ်ယောက်ဖြစ်နိုင်ခြေရှိတဲ့ ရောဂါပါ။ သူဟာ ကံဆိုးရှာတဲ့ကလေးဖြစ်ပြီး မွေးကတည်းက ဦးနှောက်သေးရောဂါ (Microcephaly)နှင့်အတူ မွေးရာပါ မျက်စိအာရုံကြောလွှာကွာကျရောဂါနှင့် စကားပြောနိုင်စွမ်းမရှိတာတွေပါ ခံစားနေရသူပါ။ ဒါပေမယ့် သူအသက်ရှင်ရပ်တည်နိုင်ဖို့ အဓိကအရေးအကြီးဆုံးက အစာစားနိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံ Raffle ဆေးရုံက ဆရာဝန်ကြီးတွေက အမျိုးမျိုး ကလေးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး နောက်ဆုံးအမေရိကန်နိုင်ငံ ဘော်စတွန် Childrens Hospital ကြီးမှာ ခွဲစိတ်ကုသဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဒါဟာကလေးအတွက် အကောင်းဆုံးကုသမှုရနိုင်တဲ့ နေရာဖြစ်လို့ပါပဲ။ ကလေးအတွက် Gastro Oesophageal Anastomosis ခေါ်တဲ့ အစာအိမ်နှင့် အစာအိမ်အပေါ်ပိုင်းနေရာကို ဆက်ပေးရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ နောက်ဆက်တွဲပြဿနာတွေကိုလည်း မဖြစ်နိုင်အောင် ပြုလုပ်ပေးဖို့ ကြိုးစားကြမှာဖြစ်ပါတယ်။ ကြီးလာသည့်တိုင် ဘဝမှာ မျှော်လင့်စရာမရှိတဲ့ ကလေးငယ်တစ်ဦးကို ခွဲစိတ်ကုပညာနှင့်ခက်ခဲစွာ ကုသပေးမယ့် ဖြစ်ရပ်တစ်ခုအကြောင်း တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။




ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတိုင်းသတိထားရမယ့် အူမကြီးကင်ဆာရောဂါ အကြောင်းပါ။ အူမကြီးကင်ဆာက မူလအသက်(၅၀)ကျော်အရွယ်မှာသာ အဖြစ်များတယ်လို့ထင်ခဲ့ကြတာပါ။ ဒါကြောင့်လည်း အူမကြီးကင်ဆာရဲ့ ရှေ့ပြေးလက္ခဏာတစ်ခုဖြစ်တဲ့ ဝမ်းသွားတဲ့အခါ မသိမသာ သွေးပါခြင်း (occult blood test)အူကို အသက် (၅၀) ကျော်အရွယ်မှသာ စတင်စမ်းသပ်ဖို့ နှိုးဆော်ထားခဲ့ကြတာဖြစ်ပါတယ်။ ယခုလေ့လာချက်တစ်ခုအရ အူမကြီးကင်ဆာဖြစ်သူအားလုံးရဲ့ ၁၅ ရာခိုင်နှုန်းဟာ အသက် (၅၀) မတိုင်မီဖြစ်နေတာကို တွေ့ရပါတယ်။ ဒီလေ့လာချက်မှာ အူမကြီးကင်ဆာဖြစ်သူ ၂၆၀၀၀၀ ကျော်ကို လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာချက်အရ ယင်းလူနာအားလုံးရဲ့ ၁၅ ရာခိုင်နှုန်းဟာ အသက် (၅၀) မတိုင်ခင်ဖြစ်ခဲ့ကြပြီး ဒီလိုစောစီးစွာဖြစ်သူတိုင်းဟာလည်း ကင်ဆာဖြစ်တာကို နောက်ကျပြီးမှ



သိခဲ့ကြတာလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဘယ်သူမဆို အသက် (၅၀) မတိုင်ခင်မှာ ဒီကင်ဆာဖြစ်ဖို့ မျှော်လင့်မထားတာကြောင့်လို့ ဆိုပါတယ်။ ဒီအူမကြီးကင်ဆာဟာ ယခုအခါ လူငယ်တွေမှာ ဖြစ်ပွားနှုန်းဟာ တစ်နှစ်မှာ နှစ်ရာခိုင်နှုန်းခန့် ပိုဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် အူမကြီးကင်ဆာကို အသက် (၄၀) ကျော်အရွယ်လောက်ကပဲ သတိထားစမ်းသပ်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများစေတဲ့ Bad Cholertol ခေါ် Low Density Lipoprotein ခေါ်တဲ့ Cholertol တစ်မျိုးကို သွေးထဲမှာ နည်းသွားအောင် ပြုလုပ်ပေးနိုင်တဲ့ ဆေးသစ်တစ်မျိုးကို တွေ့ရှိရပြီဆိုတဲ့ သတင်းပါ။ ဒီဆေးကို တွေ့ရှိခဲ့တာကတော့ ဟားဗတ်ဆေးတက္ကသိုလ်က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီဆေးနာမည်ကတော့ PCSK 9 Inhibrition Drug ဖြစ်ပါတယ်။ ဒီဆေးဟာ Repatha သို့မဟုတ် Praluent နာမည်နှင့် ဈေးကွက်ထဲရောက်ရှိနေပြီဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ကုမ္ပဏီတွေကတော့ Amgen and Sanofi ကုမ္ပဏီတို့ပဲဖြစ်ပါတယ်။ ဒီဆေးဟာ ယခင်က ဒီဆေးမပေါ်ခင် အသုံးပြုခဲ့တဲ့ Statin ဆေးလို ဘေးထွက်ဆိုးကျိုးအဖြစ် Muscle Pain လိုမျိုး မခံစားရတော့ဘဲ ကောင်းမွန်စွာ အသုံးပြုနိုင်တဲ့ဆေးဖြစ်ပါတယ်။ နှလုံးရောဂါဖြစ်နိုင်ခြေရှိသူတွေအတွက် ဒီဆေးပေါ်လာတာဟာ ဝမ်းသာစရာသတင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

ဆံပင်ကျွတ်ခြင်းဟာ အသက်ငယ်ရွယ်စဉ်မှာ မသိသာပေမယ့် အသက် (၅၀)ကျော်လာရင် ပိုပြီး သိသာလာတတ်ပါတယ်။ လူတိုင်းလူတိုင်းဟာ တစ်နေ့တစ်နေ့မှာ ဆံပင်ပေါင်း ၁၀၀ ခန့် အလိုလို ကျွတ်နိုင်တယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေ ဆံပင်ကျွတ်ခြင်းနဲ့ပတ်သက်ပြီး လေ့လာထားချက်တစ်ခုကို တင်ပြလိုပါတယ်။ ပုံမှန်ထက် ဆံပင်ပိုကျွတ်ခြင်းဟာ (Genetic) မျိုးရိုး၊ (Stress) စိတ်ပင်ပန်းမှု၊ ကိုယ်ဝန်ဆောင်ခြင်း၊ Chemotherapy ခေါ် ကင်ဆာဆေးသွင်းကုသခြင်း၊ တချို့ Vitamin A လိုသည်ထက်ပို၍ သုံးစွဲခြင်း၊ ကိုယ်ခန္ဓာ၌ အသားဓာတ် (Protein) လျော့နည်းခြင်း၊ သွေးအားနည်းခြင်းတို့ကြောင့် ဖြစ်တတ်ပါတယ်။ အများအားဖြင့် အမျိုးသမီးများ ဆံပင်ကျွတ်ခြင်းရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ Genetics (မျိုးရိုး)ကြောင့် ဖြစ်တတ်တယ်လို့ဆိုပါတယ်။ တခြားအကြောင်းများအနေနှင့် ဟော်မုန်းသုံးစွဲမှု၊ Autoimune ရောဂါတစ်ခုခုနှင့် Hair Style အမျိုးမျိုး ခဏခဏ ပြုပြင်မှုကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ မျိုးရိုးကြောင့် ဆံပင်ကျွတ်ခြင်း၊ ရောဂါတစ်ခုခုကြောင့် ဆံပင်ကျွတ်ခြင်း၊ ဆေးကုသမှုတစ်ခုခုကြောင့် ဆံပင်ကျွတ်ခြင်း စတဲ့အကြောင်းတွေကြောင့်မဟုတ်ဘဲ ပုံမှန်ဆံပင်မကျွတ်အောင် ဆေးတစ်ခုကို အသုံးပြုဖို့ ဆေးပညာရှင်တွေ ညွှန်းထားပါတယ်။ ဒါကတော့ Minoxidil ခေါ်

ခေါင်းလျှော်ရည်တစ်မျိုးဖြစ်ပြီး ဒီဆေးဟာ ယခုနောက်ဆုံးဆေးပညာရှင်များ လက်ခံထားတဲ့ဆေးတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ဆီးချိုရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ ဒါကတော့ ပင်လယ်ထဲက ပက်ကျိ (Sea-snail)လို သတ္တဝါတစ်မျိုးကရတဲ့ အဆိပ်ဓာတ်တစ်မျိုးဟာ ဆီးချိုရောဂါရှင်တွေအတွက် အစွမ်းထက်တဲ့ Insulin တစ်မျိုးကို ထုတ်လုပ်ပေးနိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းတက္ကသိုလ်က သုတေသီတွေဖြစ်ပါတယ်။ သူတို့အဆိုအရ သူတို့ဟာ 3D Structure of a Cone Snail Venon Insulin ကို စမ်းသပ်တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ ဒီ Insulin ဟာ structure အရ ပြောင်းလဲသွားတာကြောင့် Human Insulin ထက် အစွမ်းထက်ပြီး ထိရောက်မှုလည်းပိုရှိတယ်လို့ ဆိုပါတယ်။

ဒီသုတေသီအဖွဲ့ဟာ အဆိုပါတွေ့ရှိချက်ကို ၂၀၁၅ ခုနှစ်ကတည်းက တွေ့ရှိခဲ့တာဖြစ်ပြီး ဒီဆေးရဲ့ စိတ်ချမှု၊ လူသားတွေမှာ အသုံးပြုနိုင်မှုရှိ၊ မရှိ စတာတွေကို လေ့လာနေကြဆဲလို့ဆိုကြောင်း တင်ပြလိုက်ပါတယ်။

ကင်ဆာဝေဒနာရှင်တချို့မှာ ကင်ဆာရောဂါကုသမှုခံယူနေစဉ်အတွင်း ကိုယ်ခန္ဓာလှုပ်ရှားနိုင်စွမ်းရှိခဲ့လျှင် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်းနှင့် ပြုလုပ်သင့်သည့်အချက်(၄) ချက်ကို အကြံပြုထားတာ တင်ပြချင်ပါတယ်။ အခုလို အကြံပြုထားတာကတော့ အင်္ဂလန်နိုင်ငံ MC Million ကင်ဆာ Centre ကဖြစ်ပါတယ်။ ယင်းလေးချက်ကတော့-

(၁) ဖြစ်နိုင်လျှင် ယောဂလေ့ကျင့်ခန်း သို့မဟုတ် ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ခြင်းကို နာရီဝက်ခန့် နေ့စဉ်ပြုလုပ်ခြင်း။
(၂) လက်မောင်းကြွက်သားလေ့ကျင့်ခန်းလုပ်ပေးခြင်း။
(၃) ပုံမှန်လမ်းလျှောက်ခြင်းနှင့် အစပြုပြီး မိမိနေသာသလောက် လေ့ကျင့်ခန်းအနည်းငယ်လုပ်ပေးခြင်း၊ ဒါကို တစ်ပတ်မှာ မိနစ် ၁၅၀ ခန့်ပြုလုပ်ပေးခြင်း၊ ယင်းသို့လုပ်ပေးခြင်းဖြင့် နှလုံးခုန်နှုန်းကိုလည်း ပုံမှန်ဖြစ်စေနိုင်ပါတယ်။
(၄) Radiotherapy ခေါ် ဓာတ်ကင်ခြင်းကို ပြုလုပ်ထားသူမှအပ ကျန်လူအများ ရေကူးခြင်းကို ပြုလုပ်ပေးခြင်း။

ဒါကတော့ ဖော်ပြပါ လေ့ကျင့်ခန်းမျိုး လုပ်နိုင်စွမ်းရှိတဲ့ ကင်ဆာရောဂါရှင်များ ယင်းလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့် ကင်ဆာရောဂါအတွက် အထောက်အကူပြုနိုင်ကြောင်း တင်ပြလိုက်ပါတယ်။



## ချောင်းဦးဒေသထွက် ဖရဲသခွားမွှေးဈေးကွက် ဒူဘိုင်းနှင့် ရုရှားသို့ ရောင်းသူဈေးကွက်အဖြစ် ထိုးဖောက်ရန် အမေရိကန်စိုက်နည်းစနစ်ကို တောင်သူများ တိုက်ရိုက်ယူမှုစတင်

**စစ်ကိုင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးဒေသထွက် ဖရဲသခွားမွှေးများကို နယ်စပ် ၁၀၅ မိုင်မှ တရုတ်နိုင်ငံသို့ ဝယ်သူဈေးကွက်ဖြင့် ရောင်းချနေရာမှ ၂၀၁၇ ခုနှစ် မတ်လမှစတင်ကာ ဈေးကွက်သစ်ဖြစ်သော အရှေ့အလယ်ပိုင်းဒေသ ဒူဘိုင်းနှင့် ရုရှားနိုင်ငံများသို့ ရောင်းသူဈေးကွက်အဖြစ် တင်ပို့နိုင်ရေးအတွက် တောင်သူများကို အဘက်ဘက်မှ တိုးတက်တတ်မြောက်ထားရန် နည်းပညာများပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစောမြင့်ထံမှ သိရသည်။

"ဖရဲသခွားစိုက်တောင်သူတွေ အသိအမြင်ဗဟုသုတတိုးတက်ပြီး ဈေးကွက်မျက်နှာမငယ်ရအောင်နဲ့ ရောင်းတဲ့သူရဲ့ ဈေးကွက်ဖြစ်လာအောင် အတူ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အဆင့်လိုက် ဆောင်ရွက်လာတာ အခုဆိုရင် ပဉ္စမဆင့် ငါးဆင့်မြောက်ကို ရောက်လာပါပြီ။ အခု ငါးဆင့်မြောက်အဖြစ် အမေရိကန်နိုင်ငံ USAIDရဲ့ကူညီပံ့ပိုးမှုနဲ့ Win Rock က ကြီးကြပ်ပြီး မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားအသင်းတို့ပူးပေါင်းပြုလုပ်တဲ့ အမေရိကန်လူမျိုး စိုက်ပျိုးရေးပညာရှင်ကိုယ်တိုင် သင်ပေးမယ့် နည်းပညာသင်တန်းကို ဖွင့်လှစ်နေပါပြီ။ အဲဒီသင်တန်းမှာ အပင်အဟာရ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနဲ့ ရိတ်သိမ်းလွန် နည်းပညာတွေကို အမေရိကန်လူမျိုး စိုက်ပျိုးရေးသုတေသနပညာရှင် Mr;Richard Lamar Hassell က စက်တင်ဘာ ၂၇ ရက်ကနေ အောက်တိုဘာ ၂ ရက်အထိ သင်တန်းသား ၃၀ ကို ခြောက်ရက်သင်တန်းပို့ချနေတာ ဖြစ်ပါတယ်" ဟု ဦးစောမြင့်က ပြောပြသည်။

ချောင်းဦးဒေသအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲသခွားမွှေး စိုက်ပျိုးကြရာတွင် တစ်ခါသုံးမျိုးစေ့ (F1)ကို ပလတ်စတစ်အုပ် စိုက်နည်းဖြင့် ပြီးခဲ့သည့်နှစ်မှစ၍ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသူများ၏ ၉၀ ရာခိုင်နှုန်းသည် အသီး ထွက်နှုန်းကောင်းသော်လည်း နယ်စပ် ၁၀၅ မိုင်မူဆယ်မှ တင်သွင်းရောင်းချကြရာတွင် ဝယ်သူစိတ်ကြိုက်ဈေးကွက်ဖြင့် ရောင်းချနေကြရသောကြောင့် ထွက်သလောက် အကျိုးဖြစ်ထွန်းမှုနည်းနေသေးကြောင်း သိရသည်။

ဖရဲသခွားမွှေးစိုက်တောင်သူများအား အဓိကစိန်ခေါ်နေသည်မှာ နည်းပညာလိုအပ်မှု ငွေကြေးအရင်းအနှီးလိုအပ်မှု ဈေးကွက်ဖော်ဆောင်ရာတွင် မှန်ကန်မှုများဖြစ်ရာ သမားရိုးကျစိုက်နည်းစနစ်မှ နိုင်ငံတကာစိုက်နည်းစနစ်ကို ပြောင်းလဲရာတွင် ရောင်းသူဈေးကွက်ဖော်ဆောင်နိုင်ရန် အဓိကကျသည့် အမေရိကန်၏နည်းပညာစိုက်စနစ်ကို ကြားခံလုံးဝမပါဘဲ တောင်သူတိုက်ရိုက်ယူစနစ်ဖြင့် စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူ

**မြောက်ဦး စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီဒုတိယရဲမှူးကြီးသက်ကိုကို ဦးစီးသော စုပေါင်းသွေးလှူဒါန်း ပွဲကို စက်တင်ဘာ ၂၄ ရက်က မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက် ဂရုဏာလှူင်းသွေးလှူရှင်များအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး သက်ကိုကို၊ ယာယီရဲမှူး နိုင်လင်းသိန်း၊ သွေးလှူရှင်များအသင်းဒုဥက္ကဋ္ဌ ဦးသောင်းရွှေ၊ မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၉ ဦး တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်များ ချိန်တွယ်ပေးခဲ့ကြပြီး ဂရုဏာလှူင်းသွေးလှူရှင်အသင်းရုံး၌ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ဂရုဏာလှူင်းသွေးလှူရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသောင်းရွှေက သွေးလှူဒါန်းခဲ့ကြသည့် အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များအား ဖြည့်စွက်အဟာရ ပစ္စည်းနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရင်ဆိုင်နေရတဲ့အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကို နိုင်ငံတကာရဲ့ပူးပေါင်းဆောင်ရွက်မှုမပါဘဲ အကောင်အထည်ဖော်ဖို့၊ ရင်ဆိုင်ကျော်လွှားဖို့မဖြစ်နိုင်

**✻ လူထုကိုအလေးထားမှု**

ဒါပေမယ့် မြန်မြန်ပြေးနိုင်တိုင်းပြေးပွဲမှာ အမြဲအနိုင်မရနိုင်၊ ခွန်အားကြီးမားတိုင်းလည်း တိုက်ပွဲမှာ အမြဲအနိုင်မရတတ်ဆိုသလိုပဲ ကျွန်မတို့ဟာ ဖြစ်ရပ်ဆိုးတွေနဲ့ကြုံတွေ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့်လည်း အမျိုးမျိုးသော အားထုတ်မှုတွေနဲ့ မလျှော့သောဇွဲလုံ့လတို့ကြောင့် ကျွန်မတို့ဟာ ပြည်သူ့လိုလားချက်ဆန္ဒကို ထင်ဟပ်စေတဲ့ ပါလီမန်ဒီမိုကရေစီလမ်းကြောင်းပေါ်ကို တစ်ဖန်ပြန်ပြီး ခြေချလျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလွှတ်တော်ဟာ အားမာန်အပြည့်နဲ့ တက်တက်ကြွကြွရှိမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ**

အာဆီယံပါလီမန်များညီလာခံရဲ့ ယခုနှစ်ဆောင်ပုဒ်ကတော့ **"အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး-အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး"** ပဲ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များအနေနဲ့ ဒီဆောင်ပုဒ်ထက်သာလွန်ပြီး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုတာ ယုံကြည်ထားပါတယ်။ ကျွန်မရဲ့အတွေ့အကြုံအရ ကမ္ဘာတစ်ဝန်းက လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပါတီတွေ၊ အယူအဆတွေ မတူကွဲပြားနေတဲ့ကြားမှာ အံ့အားသင့်ဖွယ်ရာကောင်းလောက်တဲ့စိတ်ဓာတ်နဲ့ တက်တက်ကြွကြွ ညီညီညွတ်ညွတ်လုပ်ကိုင်တတ်ကြပါတယ်။ ဒီလိုတက်ကြွတဲ့စိတ်ဓာတ်ဟာလည်း မဲဆန္ဒရှင်ပြည်သူတွေက သူတို့ကို အပ်နှင်းလိုက်တဲ့ ကြီးလေးတဲ့တာဝန်ဝတ္တရားတွေကို အလေးအမြတ်ထားမှု၊ ဒီတာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းမွန်ဆုံး ထမ်းရွက်သွားမယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်ထားမှုတွေကြောင့်ပဲ ဖြစ်မှာပါ။

**လူထုဗဟိုပြုမှုဘောင်များ**

အာဆီယံအဖွဲ့ကြီးဟာ စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူလူထုကိုရှေးရှုဖို့၊ လူထုဗဟိုပြု အသိုက်အဝန်းတစ်ခုဖြစ်လာဖို့ လမ်းစဉ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေတဲ့အဖွဲ့ကြီး ဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုပြီး လူထုကို အလေးထားတဲ့ လူထုဗဟိုပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ချက်များနဲ့ အာဆီယံအဖွဲ့ကြီးကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုဆိုတာဟာ အထူးသဖြင့် ဥပဒေပြုလွှတ်တော်အမတ်များအတွက် လွန်စွာပဲအရေးကြီးပါတယ်။ ဥပဒေပြုသူတွေဟာ ဥပဒေကို ချိုးဖောက်သူတွေဖြစ်နေလို့မရပါဘူး။ လွှတ်တော်တစ်ရပ်လုံးအနေနဲ့ရော သူတို့ကိုယ်တိုင်ကိုယ်ကျပါ ဥပဒေစည်းမျဉ်းတွေနဲ့ လုပ်ထုံးလုပ်နည်းတွေအပြင် ဒီမိုကရက်တစ်အစိုးရရဲ့ ဥပဒေပြုမဏ္ဍိုင်ကို အမှန်တကယ်ကိုယ်စားပြုနေတဲ့ ဥပဒေတွေကိုပါ သိရှိနားလည်နေရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စည်းမျဉ်းအခြေပြုပြီး လူထုကိုအလေးထားတဲ့ လူထုဗဟိုပြုမှုဘောင်များကို အကောင်းဆုံး အကောင်အထည်ဖော်ပေးနိုင်တဲ့ နိုင်ငံတော်အဆင့်အဖွဲ့အစည်းဟာ လွှတ်တော်ပဲဖြစ်ပါတယ်။

အာဆီယံရဲ့ လူထုဗဟိုပြုတဲ့ ဒီလမ်းစဉ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ အကောင်းဆုံး ပုံဖော်နေတာက လွှတ်တော်ဆိုတဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း AIPA နဲ့ အာဆီယံအကြား မိတ်ဖက်ဖြစ်တည်မှုဟာ နှစ်ပေါင်းများစွာ တန်ဖိုးကြီးကြီး၊ သိက္ခာရှိရှိ၊ လက်တွေ့ကျကျနဲ့ အခိုင်အမာတည်ရှိလာခဲ့တာပဲ ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်တွေရဲ့ စိစစ်ကြီးကြပ်မှု၊ ထောက်ခံပံ့ပိုးမှုတွေကြောင့် အာဆီယံနိုင်ငံတွေဟာ အာဆီယံရဲ့သဘောတူစာချုပ်တွေကို အတည်ပြုနိုင်ခဲ့ကြပြီး သက်ဆိုင်တဲ့ ဥပဒေတွေကို အချိန်မီပြဋ္ဌာန်းပေးနိုင်ခဲ့တဲ့အတွက် အာဆီယံရဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို တရားဥပဒေစိုးမိုးရေးအောက်မှာ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တာပဲဖြစ်ပါတယ်။

မကြာသေးခင်က လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာ အာဆီယံခေါင်းဆောင်တွေနဲ့ AIPA ကိုယ်စားလှယ်တွေအကြား ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ အကျိုးရှိတဲ့ဆွေးနွေးမှုတွေရရှိခဲ့တဲ့အတွက် အားတက်ခဲ့ရပါတယ်။ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နဲ့ ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တွေပြည့်ဝဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်နေတဲ့ ကျွန်မတို့အကြားမှာ ဒီနှစ်တွေ့ဆုံဆွေးနွေးမှုလိုပဲ နောင်လာမယ့် နှစ်ပေါင်းများစွာအထိ ဆက်လက်ဆွေးနွေးသွားကြဖို့ မျှော်လင့်ထားပါတယ်။

**ဦးစားပေးလုပ်ငန်းစဉ်တွေ**

AIPA အဖွဲ့ကြီးဟာ အာဆီယံဒေသအတွင်းမှာ လူ့အခွင့်အရေးအခြေခံစံနှုန်းတွေမြှင့်တင်ဖို့၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ သာယာဝပြောရေးတို့ကိုမြှင့်တင်ဖို့ ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်နေတာ သိရှိရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ AIPA အဖွဲ့ကြီးရဲ့ ရည်မှန်းချက်တွေဟာ ခရီးရှည်လျားပြီး စိန်ခေါ်မှုတွေ ပြည့်နှက်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနေတဲ့ ကျွန်မတို့ မြန်မာနိုင်ငံအတွင်းက ဦးစားပေးလုပ်ငန်းစဉ်တွေနဲ့ ထပ်တူထပ်မျှ တူညီနေတာကို သတိပြုမိကြမယ် ထင်ပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့ အနိုင်ရရှိပြီးတဲ့နောက် ယခုနှစ် မတ်လကုန်မှာ အစိုးရသစ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် ကျွန်မတို့အစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့တာ ၆ လတိတိပြည့်မြောက်ခဲ့ပါပြီ။ အခွင့်သင့်ခိုက်မှာ ကျွန်မတို့အစိုးရ ကြိုးပမ်းဆောင်ရွက်နေတဲ့ အဓိကလုပ်ငန်းစဉ်အချို့ကို အကျဉ်းချုံးပြီး တင်ပြလိုပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်မတို့ အစိုးရသစ်ရဲ့ ပထမဦးစားပေးလုပ်ငန်းစဉ်ကတော့ ကျွန်မတို့လူ့အဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ အစိတ်အပိုင်းအားလုံးအကြား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ သဟဇာတဖြစ်ရေးကို ဖော်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လမှာပဲ စစ်မှန်တဲ့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ဖို့ ခြေလှမ်းတစ်ရပ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်ကစလို့ ဆယ်စုနှစ်နဲ့ချီပြီး ဖြစ်ပွားခဲ့ရတဲ့ပဋိပက္ခတွေကို နိဂုံးချုပ်အဆုံးသတ်နိုင်ဖို့ ယခင်အစိုးရစတင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်မတို့အနေနဲ့ ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ပြီး ကျွန်မတို့ ပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ကြဉ်းပေးဖို့ ရည်မှန်းထားပါတယ်။

**သာယာဝပြောတဲ့အနာဂတ်**

ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း များစွာရှိနေတဲ့အပြင် ဆယ်စုနှစ်နဲ့ချီပြီးဖြစ်တည်လာခဲ့တဲ့ ယုံကြည်မှုပြိုကွဲခဲ့တာတွေကြောင့် ရှေ့ခရီးမှာ ရှုပ်ထွေးလှတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ယုံမှားသံသယမရှိပါဘူး။ ဒါပေမယ့်လည်း ပူးပေါင်းဆောင်ရွက်လိုစိတ်၊ အပေးအယူလုပ်ညှိနှိုင်းဆွေးနွေးလိုစိတ်တွေနဲ့ကျင်းပတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် ကျွန်မတို့ ပြည်သူအားလုံးအတွက် ငြိမ်းချမ်းလုံခြုံပြီး သာယာဝပြောတဲ့ အနာဂတ်ဆိုတဲ့ ဘုံရည်မှန်းချက်ကို လက်တွေ့ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ မတူညီတဲ့ အသိုင်းအဝိုင်းတွေအကြားမှာ သဟဇာတဖြစ်မှုနဲ့ နားလည်မှုတွေဆောင်ကြဉ်းပေးနိုင်ဖို့ကိုလည်း ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ရခိုင်ပြည်နယ် အခြေအနေဟာ ရှုပ်ထွေးနက်နဲပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ နယ်နိမိတ်ကိုကျော်လွန်ပြီး အာဆီယံဒေသနဲ့ ပြင်ပကမ္ဘာရဲ့ အာရုံစိုက်စရာ၊ စိုးရိမ်ပူပန်စရာကိစ္စရပ်တစ်ခု ဖြစ်လာနေပါတယ်။ ကျွန်မတို့အစိုးရသစ် စတင်ဖွဲ့စည်းချိန်က စတင်ပြီးတော့ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု သေချာခိုင်မာစေဖို့၊ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေကို စနစ်တကျ စိစစ်ကြပ်မတ်နိုင်ဖို့၊ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ ကျွန်မကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ "ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီ စိန်ခေါ်မှုတွေကို ဘက်ပေါင်းစုံ လေ့လာသုံးသပ်ဖြေရှင်းရာမှာ ကျွန်မတို့ကို ကူညီပံ့ပိုးနိုင်ဖို့အတွက် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

**အပြောင်းအလဲတွေရယူ**

မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုအကြား နားလည်မှုတွေ၊ သဟဇာတဖြစ်မှုတွေနဲ့ ယုံကြည်မှုတွေ တည်ဆောက်နိုင်အောင် ကျွန်မတို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီအသိုင်းအဝိုင်း နှစ်ခုအကြားမှာ အမုန်းတရားတွေ၊ သည်းမခံနိုင်မှုတွေနဲ့ အစွန်းရောက်မှုတွေကို ဆန့်ကျင်လိုစိတ်တွေ အခိုင်အမာဖြစ်ပေါ်လာအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာ ဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ အပြုသဘောဆောင်တဲ့ ပံ့ပိုးကူညီမှုတွေပေးကြဖို့ ကျွန်မအနေနဲ့ တောင်းဆိုလိုပါတယ်။ နေ့ချင်းညချင်း အားလုံးကောင်းအောင်၊ ဘက်စုံတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့မဖြစ်နိုင်ပေမယ့် ရခိုင်ပြည်နယ်နဲ့ ပြည်တွင်းကပဋိပက္ခကူးစက်ခံနယ်မြေဒေသတွေမှာ ကောင်းမွန်တဲ့ အပြောင်းအလဲတွေ ရယူဆောင်ကြဉ်းပေးနိုင်ဖို့အတွက် မဆုတ်နစ်တဲ့ ဇွဲလုံ့လနဲ့ ကြိုးပမ်းသွားဖို့ ကျွန်မတို့ ခိုင်ခိုင်မာမာဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံသားအားလုံး ကောင်းကျိုးဖြစ်ထွန်းစေဖို့၊ ရေရှည်တည်တံ့တဲ့ စီးပွားရေးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကံကြမ္မာမျက်နှာသာပေးမှုကြောင့် ကျွန်မတို့နိုင်ငံမှာ သဘာဝသယံဇာတအရင်းအမြစ်မျိုးစုံ ပေါများကြွယ်ဝသလို လေ့လာစူးစမ်းသင်ယူလိုစိတ်ရှိတဲ့ လူငယ်တွေရှိနေပါတယ်။ ပြီးတော့ နိုင်ငံတည်နေရာကလည်း ကမ္ဘာ့အကြီးမားဆုံးဈေးကွက်ကြီးတွေကြားမှာ တည်ရှိနေပါတယ်။ သမိုင်းရဲ့ အကြောင်းတရားတွေကြောင့် ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအလားအလာကောင်းတွေကို ဘယ်ခေတ် ဘယ်အခါကမှ အကျိုးရှိရှိ ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိသေးပါဘူး။ ဒီကနေ့ ဒီအချိန်မှာတော့ ကျွန်မတို့အစိုးရနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှု၊ ဒေသတွင်းက မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်နိုင်မယ့် ကြုံတောင့်ကြုံခဲ အခွင့်အလမ်းကြီးတစ်ခု ရရှိနေပြီဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ အမြောက်အမြားလိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ တာဝန်သိ တာဝန်ယူမှုရှိတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာအောင် တွန်းအားပေးရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး စီးပွားရေးမူဝါဒအသစ်ကိုလည်း ထုတ်ပြန်ထားပါတယ်။ အဆွေတော်တို့ နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ အောင်မြင်ဖြစ်ထွန်းနေတဲ့ နည်းလမ်းတွေကိုလည်း ကျွန်မတို့ လေ့လာသင်ယူနိုင်ဖို့ကြိုးစားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ကျွန်မတို့ အာဆီယံဒေသကြီးတစ်ခုလုံးရဲ့တိုးတက်မှုကို အထောက်အကူဖြစ်စေပြီး အာဆီယံအသိုက်အဝန်းရဲ့ အနာဂတ်အောင်မြင်မှုကို အားဖြည့်ပေးနိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ထားပါတယ်။

**တက်တက်ကြွကြွပူးပေါင်း**

တစ်ချိန်တည်းမှာပဲ တက်ကြွပြီး တာဝန်ယူမှုရှိတဲ့ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ မျှော်မှန်းထားတဲ့ ကျွန်မတို့နိုင်ငံဟာ နိုင်ငံတကာရေးရာကိစ္စရပ်တွေမှာ တာဝန်သိစိတ်အပြည့်နဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ မကြာသေးခင်ကပဲ ကျွန်မတို့မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုအလုံးစုံပိတ်ပင်တားဆီးရေးစာချုပ် (UN Nuclear Comprehensive Test Ban Treaty) ကို အတည်ပြုပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အငြင်းပွားမှုဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်းရဲ့ နောက်ဆက်တွဲစာချုပ် (Protocol to the ASEAN Charter on Dispute Settlement Mechanisms)၊ အာဆီယံ၏ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (ASEAN Agreement on Privileges and Immunities) နဲ့အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးသဘောတူညီချက် (ASEAN Convention Against Trafficking in Person) တွေမှာလည်း အတည်ပြုပါဝင်နိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို အပြီးသတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်မတို့အစိုးရရဲ့ အုပ်ချုပ်ရေးအပိုင်းနဲ့ ဥပဒေပြုရေးအပိုင်းတို့အကြား အပြုသဘောနဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့တာတွေဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး။

ကျွန်မတို့အခုလို အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာ အာဆီယံဒေသတွင်း နိုင်ငံတွေဆီက စိတ်ရင်းစေတနာကောင်းနဲ့ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုတွေဟာ ကျွန်မတို့အတွက် ကြီးမားတဲ့ခွန်အားတွေ၊ အားပေးမှုတွေဖြစ်လာစေမှာပါ။

**အချိတ်အဆက်ရှိရှိပူးပေါင်း**

ဒီကနေ့ ဒီအချိန်မှာ ကျွန်မတို့ကမ္ဘာကြီးဟာ ဘယ်တုန်းကမှ မဖြစ်ထွန်းခဲ့ဖူးတဲ့ ဆက်သွယ်မှုအချိတ်အဆက်တွေ ဖြစ်ပေါ်တိုးတက်လာခဲ့ပြီး ဘယ်လိုနိုင်ငံမျှ၊ ဘယ်လိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ထီးတည်းရပ်တည်နိုင်မှာမဟုတ်သလို၊ ထီးတည်းရပ်တည်ဖို့လည်းမသင့်တော့ပါဘူး။ ကျွန်မတို့ရင်ဆိုင်နေရတဲ့ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကို နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုမပါဘဲ အကောင်အထည်ဖော်ဖို့၊ ရင်ဆိုင်ကျော်လွှားဖို့ မဖြစ်နိုင်ပါဘူး။ ပူးပေါင်းဆောင်ရွက်မှုဆိုရာမှာလည်း အစိုးရရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးတွေအားလုံး အချင်းချင်း တစ်ခုနဲ့တစ်ခု အချိတ်အဆက်ရှိရှိ ပူးပေါင်းမှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် AIPA ဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာဖြစ်ပါတယ်။ ဒီညီလာခံကြီးရဲ့ လာမယ့်နေ့ရက်တွေမှာ ဆွေးနွေးမယ့်အကြောင်းအရာတွေရဲ့ ကျယ်ပြန့်မှုကိုကြည့်ရင် **စာမျက်နှာ ၉ သို့** ❖

◆ စာမျက်နှာ ၈ မှ
AIPA ရဲ့ အရေးပါမှုကို အထင်အရှား ပြဆိုနေပါတယ်။ ဒီညီလာခံကြီးမှာ ဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေးကိစ္စ၊ ပင်လယ်ထွက် သဘာဝသယံဇာတများ ကာကွယ်ရေးကိစ္စ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးဆက်များ လျော့ပါးသက်သာစေဖို့ ဆောင်ရွက်ရေးကိစ္စ၊ အသေးစား၊ အလတ်စား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပံ့ပိုးရေးကိစ္စနဲ့ ဇီကာဗိုင်းရပ်စ်ပိုး ကာကွယ်ရေးကိစ္စတွေ ပါဝင်နေပါတယ်။ ဒီကိစ္စတွေအားလုံးဟာ ကျွန်မတို့ရဲ့ ပြည်သူတွေကို တိုက်ရိုက်သက်ရောက်စေမယ့် ကိစ္စတွေဖြစ်ပြီး ထိရောက်တိုးတက်မှုရှိတဲ့ ဖြေရှင်းချက်တွေ ရှာဖွေဖော်ထုတ်နိုင်ဖို့အတွက် ဒီမိုကရေစီပေါင်းစည်းမှု စိတ်ဓာတ်နဲ့ အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ် မတိုင်မီ ကျွန်မအနေနဲ့ ပြီးခဲ့တဲ့အပတ်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ခဲ့စဉ်မှာ ပြောခဲ့တဲ့ အပိတ်စကားလေးကို ထပ်မံပြီး ပြောချင်ပါတယ်။

ပဋိပက္ခတွေ၊ ဝိဝါဒကွဲလွဲမှုတွေ ဖြစ်ထွန်းရာမြေအဖြစ် ကျွန်မတို့မြန်မာနိုင်ငံကို လူသိများကြပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှုနဲ့ မသိနားမလည်မှုတွေဟာ လူ့သဘာဝကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ဘယ်လိုဘယ်ပုံ ဖောက်ပြန်ပျက်စီးစေတယ်ဆိုတာကို ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီးပါပြီ။ ဒါကြောင့် ဒီကနေ့အားလုံးကို ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ ဒေါသတရား၊ အမုန်းတရား၊ အကြောက်တရားနဲ့ မသိနားမလည်ခြင်းတရားတွေနဲ့ ကြုံတွေ့ရတိုင်း သူတို့နဲ့ ဆန့်ကျင်ဘက်က ရပ်တည်ပေးကြပါ၊ ကရုဏာတရား၊ အကြင်နာမေတ္တာတရားနဲ့ တစ်ပါးသူရဲ့ ပျော်ရွှင်မှုကို ဆောင်ကြဉ်းပေးနိုင်မယ့် လမ်းကြောင်းကိုသာ ရှာဖွေလျှောက်လှမ်းကြပါဆိုတာပဲ ဖြစ်ပါတယ်။

ကျွန်မတို့ အာဆီယံအဖွဲ့အစည်းကြီးရဲ့ မူဝါဒတွေနဲ့ ဆောင်ရွက်ချက်တွေဟာ လူသားဂုဏ်သိက္ခာနဲ့ အခြေခံလူ့အခွင့်အရေးတွေကို အရင်းတည်ပြီးတော့ ပေးဆပ်ခြင်းကိုရယူခြင်းထက် အမှန်တကယ် တန်ဖိုးထားတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အခြားအဖွဲ့အစည်းတွေ၊ အခြားအသိုက်အဝန်းတွေက စံနမူနာပြု အတုယူရတဲ့ စံပြအဖွဲ့အစည်းတစ်ခုအဖြစ် မြင်တွေ့ချင်ပါတယ်။ ပြည်သူ့အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ရခြင်း၊ ပြည်သူတွေအတွက် ကမ္ဘာကြီးရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ပြီး မားမားမတ်မတ်ရပ်တည်ပေးရခြင်း၊ ကိုယ်စားလှယ်သက်တမ်းကုန်ဆုံးတဲ့အခါမှာ ကျွန်မတို့ ပြည်သူများအတွက်ရော ကျွန်မတို့ကိုယ်တိုင်အတွက်ပါ ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ပြောနိုင်ခြင်းလောက် ဂုဏ်ယူစရာကောင်းတာ ဘာမှမရှိဘူးဆိုတာကို ကျွန်မအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို သတိပေးပြောကြားလိုပါတယ်။

ဒီကနေ့ ဖွင့်လှစ်တဲ့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကြီး အောင်မြင်ပါစေကြောင်း၊ အဆွေတော်တို့ အားလုံးလည်း နေပြည်တော်မှာ အကျိုးရှိတဲ့ ပျော်ရွှင်ဖွယ်နေ့ရက်တွေကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ
ဖြစ်လာခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံပါလီမန်များ ညီလာခံတွင် သက်တမ်းအနုဆုံး လွှတ်တော်တစ်ရပ် ဖြစ်သော်လည်း ညီလာခံအောင်မြင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း။

ယနေ့ကာလတွင် မိမိတို့နိုင်ငံသားများသည် အရေးတကြီးနှင့် အဆောတလျင် ဆောင်ရွက်ရမည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါကြောင်း၊ မိမိတို့၏ စီးပွားရေးတွင်လည်း တစ်နိုင်ငံ၏ လုပ်သားများနှင့် သွင်းကုန်များကို တစ်နိုင်ငံက လိုအပ်လျက်ရှိနေသည့် အခြေအနေဖြစ်ပါကြောင်း၊ ယင်းအခြေအနေနှင့် ဧည့်ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန် မိမိတို့နိုင်ငံများတွင် မျှတစွာ မဆောင်ရွက်နိုင်ကြသေးပါကြောင်း။

ယင်းရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်သည့် စိန်ခေါ်မှုသည် မိမိတို့အားလုံး ကြုံတွေ့နေရသည့် အခြားစိန်ခေါ်မှုများဖြစ်သည့် လူကုန်ကူးခြင်းနှင့် အမျိုးသား/အမျိုးသမီး တန်းတူမရှိမှုတို့နှင့် ဆက်လျက်ရှိပါကြောင်း။

စိန်ခေါ်မှုနောက်တစ်ခုမှာ မိမိတို့၏ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများနှင့်အတူ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့အားလုံး နေပြည်တော်တွင် တွေ့ဆုံကာ အထက်ပါ ရင်ဆိုင်မှုများကို ကျော်လွှားနိုင်ရန် ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များနှင့် ဥပဒေများကို အဆိုပြုကြမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းတွင် ပြည်သူများကို အလုပ်အကျွေးပြုရန် သန္နိဋ္ဌာန်ချထားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စိတ်ကောင်းစေတနာထားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခိုင်အမာ သက်သေပြလိုက်ခြင်းပင် ဖြစ်ပါကြောင်း၊ ယခု အာဆီယံပါလီမန်များညီလာခံကို အောင်မြင်စွာကျင်းပခြင်းအားဖြင့် ပြည်သူတို့အတွက် မိမိတို့အနေဖြင့် ဒီမိုကရေစီအရေးကို အလေးထားပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြသနိုင်မည်ဖြစ်သကဲ့သို့ အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ကမ္ဘာသို့ ပြသနိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံပါလီမန်များအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ညီလာခံတွင် တက်ကြွစွာပါဝင်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုတို့ကို မျှဝေပေးပါရန် မေတ္တာရပ်ခံ အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းအား သီးခြားဖော်ပြ ထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက အာဆီယံ ပါလီမန်များ ညီလာခံဖွင့်ပွဲကို မောင်းတီးခတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံပါလီမန်များမျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပပြီး အာဆီယံပါလီမန်ဥက္ကဋ္ဌများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ အတွင်းရေးမှူးချုပ်တို့၏ သဘောထားထုတ်ပြန်ချက်များကို မှတ်တမ်းတင် ဆောင်ရွက်ကြသည်။




အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံပါလီမန်များညီလာခံကို ၁၉၇၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စတင်ကျင်းပခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် ညီလာခံ၌ အာဆီယံပါလီမန်များအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်း (AIPO Statutes) ကိုအင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး AIPO ၏ ဖွဲ့စည်းပုံစည်းမျဉ်း (၁၀)အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် အစည်းအဝေးများကို အက္ခရာစဉ်အလိုက် အလှည့်ကျ တာဝန်ယူကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် (၂၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို လေ့လာသူအဖြစ် စတင်တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် (၃၂) ကြိမ်မြောက် အစည်းအဝေးတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ၏ ဆောင်ပုဒ်မှာ **အာဆီယံ အသိုက်အဝန်း တိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များညီလာခံက တက်ကြွလှုပ်ရှားပေး** ဖြစ်သည်။

**(သတင်းစဉ်)**

# အလုပ်သမားရေးရာပြုပြင်ပြောင်းလဲရေးဆိုင်ရာဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ၏အလုပ်သမားရေးရာဥပဒေများပြုပြင်ပြောင်းလဲရေးကို ပြန်လည်သုံးသပ်ရန်နှင့် စွမ်းဆောင်ရည်တည်ဆောက်ရန်အတွက် 2nd Stakeholders Forum on Labour Law Reform and Institutional Capacity Building ကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Sedona ဟိုတယ်၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အခွင့်အရေးများ၊ လက်တွေ့လုပ်ဆောင်မှုများ၊ အခြေခံမူဝါဒများကို တိုးမြှင့်နိုင်ရန်အတွက် လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် လုပ်ဆောင်သည့်အခါတွင်လည်း မဖြစ်မနေဆောင်ရွက်သင့်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားများ၏ အခန်းကဏ္ဍသည် အဓိကကျသည့်နေရာတွင် ပါဝင်လျက်ရှိရာ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့၏ အလုပ်သမားများအားလုံး ဥပဒေပါရပိုင်ခွင့်များကို ခံစားရရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း၌လည်း အလုပ်သမားနှင့် အလုပ်ရှင်အချင်းချင်းကြား အပြန်အလှန်လေးစားမှုရှိပြီး ဆက်ဆံရေးကောင်းမွန်မှသာ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအား တိုးတက်မှာဖြစ်သည့်အတွက် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးပထမအကြိမ်ဖိုရမ်ကို ၂၀၁၅ ခုနှစ် မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင်ကျင်းပခဲ့ပြီး အဆိုပါဖိုရမ်တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကိုဦးတည်ဆွေးနွေးခဲ့သဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း၌ သင့်တင့်မျှတသော အနည်းဆုံး အခကြေးငွေနှုန်းထားတစ်ရပ်ကို သတ်မှတ်နိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းပေါင်း ၂၂၈၉ ဖွဲ့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့်အလုပ်သမားများအတွက် ပြည်တွင်းနှင့်ပြည်ပ၌ အလုပ်အကိုင်များ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Migrant Resource Center (MRC) ရုံး ၁၂ ခုကိုဖွင့်လှစ်ပြီး အလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအသိပညာနှင့်ဗဟုသုတများ ဖြန့်ဖြူးရေး၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာသတင်းအချက်အလက်များ ရရှိရေး၊ တရားဝင်ရွှေ့ပြောင်းသွားလာခြင်းဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဖြစ်စေရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်အနေဖြင့် ILO နှင့်ပူးပေါင်း၍ (Myanmar Program on Elimination of Child Labour - MY-PEC) အစီအစဉ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ (၄) နှစ် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလအတွင်း ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ National Action Plan ကိုရေးဆွဲရန်လည်း ဆောင်ရွက်နေပြီဖြစ်သည်။ ယခုကျင်းပသည့်ဖိုရမ်တွင် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမားများသာမက အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် အကြံပြုချက်များအပေါ်မူတည်ပြီး ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒများ ချမှတ်မည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ဒိန်းမတ် အလုပ်သမားဝန်ကြီး Mr. Jorn Neergaard Larsen၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ဖြစ်ကြသော အမေရိကန်၊ ဂျပန်၊ ဒိန်းမတ်နှင့် EU တို့မှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ILO မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) တောင်ယံတောလေး (မွန်)
- (ခ) စိန်ကြောင်နီလာ (ပတ်ပျိုး)
- (ဂ) မှိုင်းပြာမှုံဝေ (ပတ်ပျိုး)
- (ဃ) ညာသပြေဘောင် (ကြိုး)
- (င) ယသော်ဓရာ (ယိုးဒယား)
- (စ) သောင်းရွှေလယ် (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ယမုံနာ (ပတ်ပျိုး)
- (ခ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
- (ဂ) အမင်းမင်းခရ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) သီလာမြေယံ (ကြိုး)
- (ခ) မှန်ညောင်သဥ္စာ (ဝတ်တော်ရှိဘွဲ့)
- (ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) လာချေပြီ (ကြိုး)
- (ခ) စိမ်းလဲ့လဲ့ (ကြိုး)
- (ဂ) ဝေဇယန္တာ (ယိုးဒယား)



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒု-ရဲမှူးကြီး ကိုကိုနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၂ ဦးတို့သည် စက်တင်ဘာ ၂၆ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ သွေးလှူဒါန်းကြစဉ်။ (ကြေးမုံ)**

# ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာကမြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို လားရှိုးတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ မာလာ၊ ဒုတိယဆုကို ရေနံချောင်းဒီဂရီကောလိပ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဆွေဦးနှင့် တတိယဆုကို လားရှိုးပညာရေးကောလိပ် ပညာရေးစိတ်ပညာဌာနမှ နည်းပြ ဒေါ်စိုးစန္ဒာပြည့်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာကမြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်ဇင်မြတ်ခိုင်၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ် ဦးဝင်းဌေး၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်ထူးထူးမြင့်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာကမြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်အေးမြမြအေး၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဥမ္မာမြိုင်၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလိုင်းစု အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြ ဒေါ်သီရိတို့က လည်းကောင်း၊

အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာကမြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နားဟီး အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသန့်ဇင်ဦး၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (တက္ကသိုလ်)မှ မူလတန်းပြ ဒေါ်ခိုင်စုစုထွန်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ချောက်ပင်ရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသိန်းဇော်တို့က လည်းကောင်း၊

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **ဆရာဖန်ဆင်း အလင်းကမ္ဘာ** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ရာ ပထမဆုကို မြစ်ကြီးနားပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းမှ မောင်ကျော်ရန်နိုင်၊ ဒုတိယဆုကို ပြည်မြို့ ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မမိုးမိုးအောင်၊ တတိယဆုကို စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်သင်တန်းသူ မခိုင်ဇာသွယ်တို့က လည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စာစီစာကုံးပြိုင်ပွဲကို **ပညာအလင်းဖြင့် လမ်းပြပေးသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဟန်မီစံ၊ ဒုတိယဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မဆုအိန္ဒြေခင်၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မမေသွယ်သွယ်ထွန်းတို့က လည်းကောင်း။

အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ စာစီစာကုံးပြိုင်ပွဲကို **ပညာအလင်းဖြင့် လမ်းပြပေးသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်း အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခိုင်သဇင်ဦး၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဖြူစင်သန့်၊ တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မနှင်းအိဝင့်လွှာတို့က လည်းကောင်း၊ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **ပညာစေတမန် ရွှေပြည်တန်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မန္တလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းမှ မောင်ညီညီနိုင်၊ ဒုတိယဆုကို တောင်ငူပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသား မောင်ပြည့်ဖြိုးအောင်၊ တတိယဆုကို မြစ်ကြီးနား ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းမှ မောင်တင့်ဝေတို့က လည်းကောင်း ရရှိသည်။

**(သတင်းစဉ်)**

# “အဆင့်မြင့်မြို့တော်တည်ဆောက်ဖို့ စည်းကမ်းကိုယ်စီလိုက်နာစို့” ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြို့ပြတစ်ခု သပ်ရပ်သန့်ရှင်းလှပနေစေရန်မှာ စီမံခန့်ခွဲထိန်းသိမ်းနေသူများတွင် တာဝန်ရှိသကဲ့သို့ မြို့ပြတွင် နေထိုင်သူများ၌လည်း စည်းကမ်းလိုက်နာ၍ မြို့ကြီးသားပီသသော အပြုအမူများနှင့်လည်း သက်ဆိုင်ပါသည်။ နိုင်ငံတကာအဆင့်မီ မြို့တော်တစ်ခုဖြစ်စေရန် ကောင်းမွန်သော မြို့ပြစီမံကိန်းများ ဆောင်ရွက်အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မြို့နေလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အရေးပါပါသည်။ ထို့ကြောင့် ပညာသင်ကလေးဘဝမှစတင်ကာ စည်းကမ်းလိုက်နာမှုနှင့် အတွေးအမြင်၊ အသိအမြင် ကြွယ်ဝစေရန်တို့ကို ရည်ရွယ်ကာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို အခြေခံပညာအဆင့်၊ အလွတ်တန်းအဆင့်များဟူ၍ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍လည်း အသေးစိတ်ထပ်မံထုတ်ပြန်ပေးမည်ဟု သိရသည်။ အဆိုပါ ပြိုင်ပွဲကို သက်ဆိုင်ရာ ပညာရှင်များကလည်း ဝိုင်းဝန်းအားဖြည့်ကူညီပေးမည်ဖြစ်ရာ ယင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ မြို့ပြတစ်ခု အဆင့်မြင့်ဖို့အတွက် ပညာပေးစည်းရုံးတဲ့အနေနဲ့ ဒီပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကနေ ဘယ်လိုရလဒ်တွေ မျှော်လင့်ထားပါလဲ။**

ဖြေ။ ။ အဓိကကတော့ စည်းကမ်းရှိဖို့ပဲ။ ဒီမိုကရေစီလမ်းကြောင်းကို သွားတော့မှာလေ။ ဒီမိုကရေစီလမ်းကြောင်းကို သွားတော့မယ်ဆိုရင် ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်က စည်းကမ်း။ အဲဒီစည်းကမ်းရှိဖို့ဆိုရင် ငယ်စဉ်ကတည်းက စည်းကမ်းရှိမှ ကြီးလာရင် ပရမ်းပတာမဖြစ်မှာ။ ဒီစည်းကမ်းလေးလည်း ပါရတာပေ့ါ။ အဆင့်မြင့်မြို့တော်လို့ ပြောတဲ့အတွက် ဘယ်မြို့တော်က အဆင့်မြင့်လဲ။ မြန်မာပြည်မှာလည်း ကြည့်လို့ရတယ်။ ကမ္ဘာနဲ့လည်း ကြည့်လို့ရတယ်။ အဆင့်မြင့်မြို့တော်ဆိုတာ ဘာလဲ ဆိုတဲ့အတွေး ကလေးတွေခေါင်းထဲမှာ ဝင်သွားမယ်။ ဒီအဆင့်မြင့်မြို့တော်လို့ ပြောလိုက်တဲ့အတွက် ကလေးတွေက ဘာကိုမြင်မလဲ။ တိုက်တာကို မြင်မလား၊ ကားလမ်းတွေကို မြင်မလား၊ တံတားတွေကို မြင်မလား၊ ဥယျာဉ်တွေကို မြင်မလား၊ သူတို့ဘာကို မြင်မလဲပေ့ါ။ အဆင့်မြင့်မြို့တော်ဆိုတာ အင်မတန် ကျယ်ပြန့်တယ်လေ။ အဆင့်မြင့်မြို့တော်ဖြစ်မှ ကမ္ဘာ့အဆင့်ဖြစ်မှာလေ။ ရန်ကုန်တစ်မြို့လုံးက ကလေးတွေကို တွေးစေချင်တာ။ အတွေးတွေလည်း ပါစေချင်တယ်။ အဲဒီအတွေးထဲမှာမှ တစ်ယောက်နဲ့တစ်ယောက်က လွတ်လပ်စွာ သူတို့ကြိုက်တဲ့ပုံသဏ္ဌာန်လေးနဲ့ဆွဲသွားမယ်ဆိုရင် သူတို့ရင်ထဲမှာ အများကြီးတွေးပြီးသားတွေ ဖြစ်သွားမယ်။ အများကြီး တွေးပြီးတော့မှ သူတို့ကတစ်ခု အကောင်အထည်ဖော်လိုက်မှာ။ ကလေးတိုင်း ကလေးတိုင်း တွေးစေချင်တာပါ။

**မေး။ ။ ဒီလို အတွေးအမြင်၊ အသိအမြင်တွေရစေဖို့ ဘယ်လို ပညာပေးစည်းရုံးမှုတွေ ဆောင်ရွက်နေတယ် ဆိုတာ သိပါရစေ။**

ဖြေ။ ။ စည်းကမ်းနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးက သိပ်အရေးကြီးတယ်။ ပတ်ဝန်းကျင်သန့်ရှင်းရေးလို့ပြောလိုက်တာနဲ့ အဆင့်မြင့်မြို့တော်နဲ့ စည်းကမ်းလို့ ပြောလိုက်တာနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီးသား ဖြစ်သွားပြီ။ ကလေးတွေက သူတို့ဘာသာသူတို့ စည်းကမ်းလိုက်နာမှန်းမသိ လိုက်နာလာတာ။ ပတ်ဝန်းကျင်ထိန်းသိမ်းမှန်းမသိ ထိန်းသိမ်းလာတာ၊ သူတို့ဘာသာသူတို့ မကောင်းတာကို မလုပ်ဖြစ်တော့ဘူးပေ့ါ။ တစ်သျှူးလေးကို သုတ်လိုက်



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်

မယ်၊ ပြီးတော့ လွှင့်ပစ်လိုက်မယ်ဆိုရင် ဒါဟာ အဆင့်နိမ့်သွားပြီဆိုတာကို သိမြင်လာတာပေ့ါ။ ဒါကြောင့် မြို့တော်စည်ပင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနနဲ့ ကျွန်မတို့ပူးပေါင်းပြီးတော့ ကလေးတွေကို အမှိုက်ပစ်တာ၊ အမှိုက်ခွဲခြားပစ်တာ၊ အမှိုက်ကို လျှော့ချပြီး သုံးစွဲတာ အဲဒါလေးတွေကို ကလေးတွေအတွက် ဂိမ်းတွေ၊ ဟောပြောပွဲတွေနဲ့ လုပ်ပြီးတော့မှ ပြည်သူ့နီတိအတွက် စည်းကမ်းလိုက်နာဖို့အတွက် စိတ်ဝင်စားအောင် ပုံပြင်လေးတွေ၊ ကဗျာလေးတွေ သင်နေတာပါ။

**မေး။ ။ စည်းကမ်းလိုက်နာရေးမှာ ပညာပေးဆောင်ရွက်မှုတွေအပြင် အရေးယူမှုတွေကရော ဘယ်လို အရေးပါလာမလဲ။**

ဖြေ။ ။ ကလေးတွေကတော့ ပညာပေးရမယ်။ ကလေးတွေရဲ့ နှလုံးသားထဲမှာ စောစောက ပြောသလို ကလေးတွေရဲ့ ဦးနှောက်ကြီးကို တအားဖိညှစ်ပြီးတော့ ဒါလုပ် ဒါလုပ် ဆိုတာထက်ကို ဒါလုပ်ရင် ဘယ်လိုဖြစ်တယ်။ ဘယ်လိုထိန်းသိမ်းလိုက်ရင် ဘယ်လိုသာယာသွားတယ်ဆိုတဲ့ရသ သူတို့နှလုံးသားလေးတွေထဲမှာ ခံစားနိုင်ဖို့လိုတယ်။ လူကြီးဆိုတာက သိကိုသိနေရမှာ။ အခုဆိုရင် နောက်ဖေးလမ်းကြားတွေမှာ အမှိုက်ရှင်းနေတာတို့၊ ဥပမာ နောက်ဖေးလမ်းကြားမှာ အမှိုက်တွေ ကျုံးလိုက်တယ်။ တချို့နေရာတွေ ခါးလောက်ရှိတယ်။ တချို့နေရာတွေ အောက်ကဆားဗစ်တွင်းတွေမှာ တင်ထားတဲ့ သံပြားတွေဟာ ကြွပ်နေလို့ စည်ပင်ကကလေးတွေ မိလ္လာကျင်းကြီးထဲကို ပြုတ်ကျတာတွေရှိတယ်။ နှစ်ပေါင်းများစွာ ပစ်ထားခဲ့တာ။ နှစ်ပေါင်းများစွာ ပစ်ထားခဲ့တာကို တစ်ကြိမ်တည်းနဲ့ကုန်အောင် ကျုံးတယ်ဆိုတာက တော်တော်တော့ အချိန်ယူရပါတယ်။ တစ်မြို့နယ်ကို ရက် ၂၀ လောက် အချိန်ယူရတယ်။ အဲလို သိမ်းကျုံးပြီးသွားပြီဆိုရင်တော့ စည်းကမ်းမဲ့ အမှိုက်မပစ်ဖို့၊ ဆက်ထိန်းသိမ်းဖို့က နေထိုင်သူ ပြည်သူတွေရဲ့ တာဝန်။ ဒီအပေါ်မှာ ဝိုင်းဝန်းပံ့ပိုးပြီးတော့ ကြည့်ရှုဖို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ အကုန်လုံး အားလုံးက လိုက်ပါရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာတွေ ပြောင်နေ၊ ရှင်းနေမှ မီးဘေးအန္တရာယ်တို့၊ သဘာဝအန္တရာယ်တို့ ကြုံလာရင် ပြည်သူလူထုကို ကယ်တင်ရမယ့် အဖွဲ့အစည်းတွေ ပြေးလို့လွှားလို့ရမယ်။ အဲဒီအတွက်ကတော့ ပြည်သူလူထုက သိကိုသိရမယ်။ အမှန်တော့ ကိုယ့်အိမ်နောက်က ကိုယ့်အမှိုက်ပုံပဲ။ ဒါကို နဂိုကတည်းက မပစ်ဖို့က ကိုယ့်မှာ တာဝန်ရှိတယ်။ အခု ကျုံးလိုက်ပြီဆိုရင် မပစ်မယ့် တာဝန်ထပ်ယူရမယ်။ စည်းကမ်းမဲ့ပြီး ပစ်မယ်ဆိုရင်တော့ ဒါကို အကြာကြီးပညာပေးဖို့က မလွယ်ဘူး။ နံပါတ်တစ်ကတော့ စည်းရုံးတာပေ့ါ။ နံပါတ်နှစ်ကတော့ ပညာပေးတာ။ နံပါတ်သုံးကတော့ အရေးယူတာဖြစ်လာမယ်။ အဲဒီအရေးယူမှုကို စည်ပင်ကပဲ ဆုံးဖြတ်မှာမဟုတ်ဘူး။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးပိုင်းတွေ၊ စည်ပင်အုပ်ချုပ်ရေးမှူးတွေ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ အကုန်လုံးဝိုင်းပြီးတော့ ဆုံးဖြတ်ကြမှာ။ အဲဒီ အရေးယူမှု အပေါ်မှာ ရပ်ရွာအနေနဲ့ ရပ်ရွာကိုယ်စားလှယ်တွေနဲ့ တစ်ယောက်စည်းကမ်းဖောက်ရင် အဲဒီဖောက်တဲ့သူကို ဒဏ်ရိုက်မလား၊ အရေးယူမလား။ အဲဒီဒဏ်ငွေ စုထားပြီးတော့ ရပ်ကွက်သာယာရေးအတွက် သုံးလို့ရပါတယ်။

**သတင်း-ဆုနှင်းလှဲ့၊ဓာတ်ပုံ- စောသိန်းဝင်း**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**လားရှိုး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်းပြည်နယ် (မြောက်ပိုင်း)ရုံး၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ GTC(EP) ပထမနှစ် ကျောင်းသားများ၊ တတိယနှစ် ကျောင်းသား ၁၀၀ ခန့် တက်ရောက်ကြပြီး ဒုတိယပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးသန်းထွေး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ (ပ) ပီတာစာရေး စက်ရုံတာဝန်ခံ ဦးတိုးထွန်းတို့က GTC (EC) ပထမနှစ် ကျောင်းသား ကျောင်းသူများ၊ တတိယနှစ် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ၆၆ ကေဗွီ ဓာတ်အားခွဲရုံ၊ နမ့်မျှော်ရေအား လျှပ်စစ်စက်ရုံတို့အား သွားရောက်ပြသ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်(ရွှေဈေး) ၈၉၂၀၀၀ - ၈၉၂၀၀၀ မန္တလေး(ရွှေဈေး) ၈၉၂၀၀၀ - ၈၉၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၅၉၀/၆၀၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၇၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၃၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၁၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၅.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၇၃၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၇.၇ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၁.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈.၂၃ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၆၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၁၈၈ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၇.၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃.၃၂ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈.၈၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၄၁။ | ကြည်နိုင် | မြတ်နိုးစရာအလိမ္မာ မူလတန်းစာစီစာကုံးများ | ၁၂၀၀ိ/- အောင်ပိုင်မင်းစာပေ |
| ၄၂။ | မြတ်ငြိမ်း-မြန်မာပြန် | လိုအင်ဆန္ဒတိုင်းပြည့်ဝသူသင်ဖြစ်လိုလျှင် | ၃၀၀၀ိ/- ကိုနေမန်းစာပေ |
| ၄၃။ | မြတ်ငြိမ်း-မြန်မာပြန် | ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတည်ထောင်နည်း | ၂၅၀၀ိ/- ကိုနေမန်းစာပေ |
| ၄၄။ | Happy Time အယ်ဒီတာအဖွဲ့ | ဆရာတော်ကြီး၏ ယဉ်ကျေးလိမ္မာကလေး တရားတော်များ | ၂၀၀၀ိ/- ဆုပြည့်စုံထွန်းစာပေ |
| ၄၅။ | မင်းသိခ် | ဖိုးသူတော်ကြီးနှင့်ကျွန်ုပ် | ၂၅၀၀ိ/- ဘုမ္မာဝတီစာပေ |
| ၄၆။ | ဝင်းယုမောင် | အိပ်မက်လည်ပြန်(တွေးပြီးရေးခဲ့သောဝါကျများ) | ၂၀၀၀ိ/- အောင်မင်းကျော်စာပေ |
| ၄၇။ | တင်ညွန့် | မြန်မာသူဌေးကြီးများနောက်ကွယ်ကဖြစ်ရပ်မှန်များနှင့်‘ဝ’ဒေသအတွင်းရေး | ၃၀၀၀ိ/- အဖြူရောင်စာပေ |
| ၄၈။ | မောင်စိန်သော် | ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးစစ်အတွင်း အရှေ့မြောက်ဒေသက တိုက်ပွဲအချို့ | ၂၀၀၀ိ/-မြနန္ဒာစာပေ |
| ၄၉။ | ရွှေဘုန်း | နေကိုနမ်းတဲ့လ | ၂၅၀၀ိ/- မျိုးဆက်သစ်စာပေ |
| ၅၀။ | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | မစိုးရိမ်ဆရာတော်ဘုရားကြီးဘဒ္ဒန္တသူရိယာဘိဝံသ | ၂၀၀၀ိ/- ဆုပြည့်စုံထွန်းစာပေ |
| ၅၁။ | ဆရာကြီးဦးဘသင်း | လောကစိတဂမ္ဘီရကျမ်း | ၅၀၀၀ိ/- စိတ်ကူးချိုချို |
| ၅၂။ | ဇာနည် | သောင်းပြောင်းအင်္ဂလိပ်စာ | ၂၀၀၀ိ/- ရတနာပုံစာပေ |
| ၅၃။ | ဖိုးပညော(သပိတ်ကျင်း) | အမျိုးစောင့်သူလေး | ၆၀၀ိ/- ဆယ်ဇင်းမြေစာပေ |
| ၅၄။ | ကိုလေး(၇၄) | ဗိုလ်ချုပ်အောင်ဆန်းမှ အလေးမူရမည့် ငြိမ်းချမ်းရေး | ၃၀၀၀ိ/- ဝတ်ရည်စာပေ |
| ၅၅။ | ကျော်သူစိုး(ကလေးမြို့) | ကောလိပ်သူပုန် | ၁၈၀၀ိ/- မြန်မာ့ခေတ်စာပေ |
| ၅၆။ | မင်းကိုနိုင် | ဖိနပ်ဟောင်းရဖို့သေနတ်ပြောင်းဝသို့ပြန်မရောက်စေချင်နှင့်. . စာစုများ | ၂၅၀၀ိ/- နန်းဒေဝီစာပေ |
| ၅၇။ | အတ္တကျော် | ဖက်ဒရယ်ဝါဒမိတ်ဆက် | ၂၀၀၀ိ/-နန်းဒေဝီစာပေ |
| ၅၈။ | ပေါက်ပေါက် | ကျန်းမာစေကွယ် ဟင်းချက်မယ် | ၁၂၀၀ိ/- မဇ္ဈိမစာပေ |
| ၅၉။ | ခင်စောတင့် | ခေတ်အလိုက်ပြောဆိုပြုမူဆက်ဆံပုံများ | ၁၀၀၀ိ/-အိပ်မက်ရိပ်စာပေ |
| ၆၀။ | လူခက် | အကြောင်းအရာ(ကဗျာ) | ၁၅၀၀ိ/-ပန်းသာနုစာပေ |
| ၆၁။ | ဒေါက်တာမေမွန် | ခရမ်းရောင်ကြယ်သီးလေးများ | ၁၅၀၀ိ/- Favorite Press Book |
| ၆၂။ | ဒေါက်တာမေမွန် | ဘိုးဘိုးနဲ့ငှက်ကလေးခုနစ်ကောင် | ၁၅၀၀ိ/- Favorite Press Book |
| ၆၃။ | ဒေါက်တာမေမွန် | အာသာနဲ့မေမေ | ၁၅၀၀ိ/- Favorite Press Book |
| ၆၄။ | ဒေါက်တာဖေဇော်ဦး | စိတ်ဝင်စားစရာ တိရစ္ဆာန်ကမ္ဘာ | ၂၀၀၀ိ/- Favorite Press Book |
| ၆၅။ | ညီပုလေး | ထက်မြတ်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက်(စ-ဆုံးပေါင်းချုပ်) | ၇၀၀၀ိ/- မျိုးဆက်သစ်စာပေ |
| ၆၆။ | ဂျွန် | တရိပ်ရိပ်တက်နေသောအိန္ဒိယ | ၁၂၀၀ိ/- စိတ်ကူးချိုချို |
| ၆၇။ | ကြပ်ကလေး | ဟာသဝတ္ထုတိုများ | ၂၅၀၀ိ/- စိတ်ကူးချိုချို |
| ၆၈။ | ရွှေဟသ်ာ(မန္တလေး) | ဦးကျော်လှသံချိုများ | ၄၀၀၀ိ/- ပန်းရွှေပြည် |
| ၆၉။ | ဇေယျာ | နက်ပြာရောင် လမ်းမထက်ကလက်ရာများ | ၂၈၀၀ိ/- ကံကော်ဝတ်ရည်စာပေ |
| ၇၀။ | မမကြီး | အီတလီခေါက်ဆွဲ ဟင်းလျာချက်ပြုတ်နည်း | ၁၇၀၀ိ/- စိတ်ကူးချိုချို |
| ၇၁။ | ကောင်းသာ | အပေးနဲ့အယူ | ၁၈၀၀ိ/- စိတ်ကူးချိုချို |
| ၇၂။ | မင်းသိခ် | မုတ်ဆိတ်ဖြူကြီးနှင့်အခြားဝတ္ထုတိုများ | ၃၅၀၀ိ/- ဘုမ္မာဝတီ |
| ၇၃။ | ဂမ္ဘီရဆရာလှမျိုး | ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းများ၊အောင်မြင်တိုးတက်ရေးအမည်ပေးနည်း | ၁၀၀၀ိ/-မဇ္ဈိမစာပေ |
| ၇၄။ | SAYA-DOMINIC | International Modern English Language Part(IV) | ၅၀၀၀ိ/-Modern English စာပေ |
| ၇၅။ | ဆလိုင်းနီဝိုင် | ချင်းတွက်စပ်ဖျင်းဖျင်းကဗျာများနှင့်အခြားကဗျာများ | ၅၀၀ိ/- သုဒ္ဒန္တစာပေ |

# ဥပဒေ သိလိုသူများအတွက် အထူးအစီအစဉ် တစ်ပတ်တစ်ကြိမ် မြန်မာ့အသံမှ ထုတ်လွှင့်နေ

**ဥပဒေရေးရာအဖြာဖြာအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်တနင်္လာနေ့တိုင်း ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။ ယင်းအစီအစဉ်သည် ဥပဒေနှင့်ပတ်သတ်၍ ပြည်သူတို့ သိသင့်သိထိုက်သည့် အချက်များအပေါ် အခြေခံကာ ဇာတ်လမ်းပမာတင်ဆက်ပြသထားသည့် မိနစ် ၂၀ ခန့် ဇာတ်လမ်းတိုလေးများ ဖြစ်သည်။ ဥပဒေသည် ပြည်သူတို့သိရှိနားလည်ရန် ခက်ခဲနက်နဲသော်လည်း ဥပဒေကို ချိုးဖောက်ကျူးလွန်မိသည့် မည်သူမဆို ရရှိလာမည့်အကျိုးအပြစ်များကို ၎င်းအစီအစဉ်မှတစ်ဆင့် လွယ်လင့်တကူ သိရှိနားလည်စေသည်။**

ထို့ကြောင့်ပင် အစီအစဉ်တွင် ပါဝင်ခဲ့သူ ဥပဒေပညာရှင် ဦးဟန်ညွန့်၊ ဒါရိုက်တာ ဝေဠု(ဝသန်)၊ သရုပ်ဆောင် ဦးစံပေါတို့နှင့်တွေ့ဆုံ၍ ဥပဒေရေးရာ အသိပညာပေး ဇာတ်လမ်းတိုများ မည်ကဲ့သို့ ရိုက်ကူးတင်ဆက်ခဲ့သည်များကို မေးမြန်းခဲ့သည်။



ဦးဟန်ညွန့်(ဥပဒေ)



သရုပ်ဆောင် ဦးစံပေါ



ဒါရိုက်တာဝေဠု(ဝသန်)

**ဦးဟန်ညွန့်(ဥပဒေ)**
**ဥပဒေပညာရှင်**

ကျွန်တော်က ဇာတ်လမ်းတို တစ်ပုဒ်ပြီးသွားတိုင်း ဒီဇာတ်လမ်းနဲ့ပတ်သတ်ပြီး သက်ဆိုင်တဲ့ ဥပဒေ၊ ပြဋ္ဌာန်းချက်၊ ပုဒ်မတွေကို ပြည်သူတွေ နားလည်အောင် ပြန်တင်ပြပေးတာပါ။

ဒါဟာတရားစီရင်ရေးဥပဒေရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ အများပြည်သူလူထုကို ဥပဒေပညာ တိုးပွားအောင် သင်ကြားရေး၊ ပြန့်ပွားရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ တရားဥပဒေတွေဆိုတာ သဘောပေါက်နားလည်ဖို့ ခက်ခဲ၊ နက်နဲတယ်။ ဒါကို ပြည်သူတွေ အလွယ်တကူ သိရှိဖို့ဆိုတာ မလွယ်ပါဘူး။

လူတစ်ယောက်က ဥပဒေကို မသိလို့ ပြစ်မှုကျူးလွန်မိတယ်ဆိုပေမယ့် ဥပဒေကတော့ ဒါကို ခွင့်မလွှတ်ပါဘူး။ ဥပမာ "ငါသူခိုးပါ" ဇာတ်လမ်းမှာဆိုရင် လုပ်အားပေးနေတဲ့ ကလေးလေးက ဆိုင်ရှင်ဆီက မုန့်တွေ ခိုးခိုးပြီး လေဖြတ်နေတဲ့ ကျန်းမာရေးအရ နုံချာဆင်းရဲနေတဲ့၊ စားစရာမရှိတဲ့ ရောဂါသည်ကြီးတစ်ဦးကို စားစေချင်လွန်းလို့ ယူသွားတာ ဖြစ်သွားပါတယ်။ အဲဒီလို တကယ် ကလေးက ခိုးတယ်ပဲထား၊ ခိုးမှု ကျူးလွန်တယ်ပဲထား ကလေးသူငယ်ပြစ်မှုနဲ့ တရားစွဲရမှာ ဖြစ်ပါတယ်။ အဲဒီလိုတရားမစွဲဘဲနဲ့ ဒီကလေးကို ရိုက်နှက်တယ်။ ဆဲဆိုတယ်။ ကလေးစိတ်ဓာတ်ကျအောင် ဆိုင်ပိုင်ရှင်ကနေပြီး ကလေးရဲ့ လည်ပင်းမှာ ကျွန်တော်သူခိုးပါလို့ ချိတ်ဆွဲခိုင်းတယ်။ ဥပဒေအရ ဒီလို အပြုအမူတွေက မှားနေတယ်ဆိုတာ ပြည်သူတွေကို သိစေချင်တယ်။ ဒါကြောင့် နိုင်ငံတော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့၊ ဥပဒေတွေကို ဒီအစီအစဉ်ကနေတစ်ဆင့် အလွယ်တကူ သိရှိနားလည်စေချင်တယ်။ ဒီအချက်က ကျွန်တော်တို့ မြန်မာနိုင်ငံပြည်သူလူထုအတွက် များစွာအရေးကြီးပါတယ်။

**ဒါရိုက်တာဝေဠု(ဝသန်)**

ပြည်သူတွေ နေ့စဉ်ကြုံတွေ့နေရတဲ့ ပြစ်မှုဆိုင်ရာ၊ ဥပဒေဆိုင်ရာတွေကို အသိပညာပေးအဖြစ် တင်ပြတယ်ဆိုပေမယ့် အထူးသဖြင့် ပြည်သူတွေထဲမှာ ပညာပေးကို စိတ်ဝင်စားတဲ့ပြည်သူက အလယ်အလတ်လောက်ပဲ ရှိတယ်။ ဒီတော့ ဇာတ်လမ်းကို အသက်အရွယ်အပိုင်းအခြားမရွေး ကြည့်နိုင်တဲ့ ဇာတ်ဖြစ်အောင်၊ ပိုမိုစိတ်ဝင်စားလာအောင် ဖျော်ဖြေမှုလေးတွေ ထည့်ထားတယ်။ ဒါမှလည်း သူ့နောက်မှာပါလာတဲ့ ဥပဒေကို ပရိသတ်တွေ သိသွားကြရင်တော့ဖြင့် ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိမှာပဲဆိုတဲ့ ကြိုးစားမှုလေးအတွက် တင်ဆက်ခဲ့တာပါ။ ပြီးတော့ ဇာတ်လမ်းတွေ ရိုက်ကူးတဲ့နေရာမှာ များသောအားဖြင့် ဖြစ်ရပ်မှန် နေရာတွေကို ကျွန်တော်ကိုယ်တိုင်သွားတယ်။ ဒါကိုအခြေခံပြီး ဇာတ်ညွှန်းတွေ ရေးတယ်။ ပြီးရင် အဓိကသရုပ်ဆောင်တွေဖြစ်တဲ့ ဦးညီကျော်၊ ဦးစံပေါ၊ ဒိတ်ဒိတ်၊ ဟိန်းထက်ဝင်း၊ ဝေဖြိုးဟိန်း၊ ခင်ဖြူဖြူသန့်၊ စောယုနဒီ၊ မေပိုင်စိုး၊ ရွှန်းလဲ့ပိုတို့အပြင် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်ကြီးတွေနဲ့ အားဖြည့်ထားတယ်။ ဇာတ်လမ်းအဆုံးမှာ ဥပဒေပညာရှင်ကနေ သက်ဆိုင်ရာ ပုဒ်မတွေကို တင်ပြပေးတဲ့ပုံစံနဲ့ အဆုံးသတ်လိုက်တယ်။ ဒါက အသိပညာပေးလည်းဖြစ် ကြည့်ရှုသူပရိသတ်တွေကိုလည်း ဖျော်ဖြေမှုပေးရာ ရောက်စေပါတယ်။

**သရုပ်ဆောင် ဦးစံပေါ**

ကျွန်တော် အခုအသက် (၇၅) နှစ် ရှိပါပြီ။ သရုပ်ဆောင်နယ်ပယ်မှာ ကျွန်တော်လုပ်ချင်တာတွေ မလုပ်ခဲ့ရဘူး။ ဆရာ ဝေဠုနဲ့တွေ့တော့ ပထမဆုံးရိုက်တဲ့ ဖြူစင်သော မေတ္တာမှာ ဆရာဝေဠုက ပြောတယ်။ ခင်ဗျား ကားတိုက်ခံရမှာနော်. . ရရဲ့လားရတယ်။ ကျွန်တော် သရုပ်ဆောင်မယ်။ မဟုတ်ဘူး ရေတွေစိုမယ်။ မြောင်းထဲ ပစ်ချခံရ မှာ။ ဆရာက ထပ်ပြောတယ်။ ရတယ်။ ကျွန်တော် သရုပ်ဆောင်မယ်။ ရုပ်ရှင်မှာဆိုရင်တော့ ဒီအခန်းတွေက အကယ်ဒမီ အခန်းတွေလေ။ ကျွန်တော်လုပ်ခွင့်ရတာ ကံကောင်းတာပေ့ါ။ ဒါနဲ့ ရိုက်ကြတော့ အဲ့ဒီနေ့က မိုးတွေကလည်းရွာ၊ ကျွန်တော်လည်း မိုးရေတွေစို၊ ရိုက်ကူးရေးသမားတွေလည်း မိုးရေထဲမှာ။ ရအောင်ရိုက်ကြမယ်ဆိုတော့၊ ကျွန်တော်က ပင်စင်စားအဘိုးကြီး ပင်စင်လာထုတ်တဲ့အချိန် ကားနဲ့အတိုက်ခံလိုက်ရတော့ အားဆိုပြီး နောက်ကိုသုံးလေးပတ်လောက်လိမ့်သွားတယ်။ ပြီးတော့ စပယ်ရာနဲ့ ဒရိုင်ဘာက ကားပေါ်မတင်ဘဲနဲ့ ပစ်ချခဲ့တယ်။ အဲဒါပြီးတော့ ကျွန်တော်သေသွားတယ်ပေ့ါ။

ကျွန်တော်လေ သရုပ်သာဆောင်လိုက်တယ်၊ မသိသေးဘူး။ နောက် ဒီဟာ ပြန်လွှင့်တော့မှ ဒီလို ဥပဒေနဲ့ဆိုတော့မှ ဟာ တော်တော်တန်ဖိုးရှိတာပါလား။ အဲဒီတော့မှ ကျွန်တော်လုပ်လိုက်တာ တော်တော့်ကို ဝမ်းသာတယ်။ ဥပဒေကို သိပ်နားမလည်ပါဘူး။ ဒါပေမယ့် သတ်မှတ်ပေးထားတဲ့ သရုပ်ဆောင်မှုကို ကျွန်တော်ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ရင် နောက်က ဥပဒေပညာရှင်ပြောတဲ့ စကားဟာ ပိုပြီးထိရောက်မယ်။ ပိုနားလည်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့် ကျွန်တော်အားသန်နေတဲ့ သရုပ်ဆောင်မှုကို ပီပြင်အောင်လုပ်ပြီး ဥပဒေကို ပြည်သူတွေ နားလည်အောင် ကျွန်တော် ကြိုးစားချင်တယ်။

ဥပဒေရေးရာ အစီအစဉ်ကို အပိုင်း (၁၅) ပိုင်းအထိ ထုတ်လွှင့်ပြသပြီး ဖြစ်သည်။ ၎င်း ဇာတ်လမ်းများနှင့် ပတ်သက်၍ သိရှိလိုသည်များအပြင် ဥပဒေရေးအရသော်လည်းကောင်း၊ အနုပညာအရသော်လည်းကောင်း အကြံဉာဏ်များ ပေးလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် အကြံဉာဏ်များ ပေးနိုင်သည်ဟု သိရသည်။

ပြန်လည်ဖြန့်ဝေလိုသည့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက်လည်း မကြာမီ အခမဲ့ ဖြန့်ဝေပေးသွားမည်ဟု သိရသည်။ **တွေ့ဆုံမေးမြန်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**





## ဝါကျွတ်ရင် မင်္ဂလာအခမ်းအနားကျင်းပမယ့် မင်္ဂလာမောင်နှံတွေအတွက် အခမဲ့မင်္ဂလာဆောင်ခွင့်နှင့် တန်ဖိုးကြီးအခွင့်အရေးများရရှိမည့် Aroma ရဲ့မင်္ဂလာဝတ်စုံပြပွဲ

အခုချိန်ဟာ မကြာမီမှာ ဝါလကင်းလွတ် သီတင်းကျွတ် အချိန်ခါသမယကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အထူးအားဖြင့်တော့ မင်္ဂလာမောင်နှံလောင်းလျာတွေအတွက် စိတ်လှုပ်ရှား ရင်တွေခုန်ရင်း အလုပ်လည်း တော်တော့်ကို ရှုပ်နေကြမယ့်အချိန်ဖြစ်ပါတယ်။

မင်္ဂလာမောင်နှံတွေအတွက် မင်္ဂလာအခမ်းအနားတွေမှာ အကောင်းဆုံးဖြစ်အောင် အမြဲတမ်းဖန်တီးပေးလေ့ရှိသူ Aroma ကတော့ ဒီနှစ်မှာလည်း ထူးခြားဆန်းပြားမှုတွေနဲ့အတူ ရောက်ရှိလာခဲ့ပြန်ပါပြီ။

ဝါကျွတ်ရင် မင်္ဂလာအခမ်းအနား ကျင်းပမယ့် မင်္ဂလာမောင်နှံတွေအတွက်တော့ Aroma ရဲ့ မင်္ဂလာဝတ်စုံပြပွဲတစ်ခုကို ကျင်းပပြီး ထူးခြားတဲ့အိုင်ဒီယာတွေကို ချပြပေးသွားမှာဖြစ်တယ်လို့ Aroma ရဲ့ တာဝန်ရှိသူတစ်ဦးရဲ့ပြောပြချက်အရ သိရပါတယ်။

နောက်ပြီး ဒီနှစ်မှာ မင်္ဂလာအရောင်ကိုလည်း အရောင်ဆန်းဆန်းလေးတစ်ရောင်ကို ဒီနှစ်မင်္ဂလာပွဲတွေမှာ မင်္ဂလာမောင်နှံတွေ ဝတ်ဆင်နိုင်ဖို့ Favourite color အဖြစ်နဲ့ ပြသသွားဖြစ်တယ်လို့လည်း ထပ်မံသိရပါတယ်။

"အခုလုပ်မယ့် ရှိုးပွဲမှာ ထိုင်မသိမ်းကိုပဲ ဘယ်လိုပိတ်စမျိုးကိုအသုံးပြုပြီးချုပ်လုပ်ပြမလဲဆိုတဲ့ စိတ်ကူးအသစ်အဆန်းကို ချပြသွားမှာပါ။ ပုံမှန်အားဖြင့်တော့ ထိုင်မသိမ်းထိုးတဲ့ပိတ်စက ယိုးဒယား Thai Silk ပေါ်မှာပဲထိုးတာများပါတယ်။ ဘယ်သူမှမထင်ထားတဲ့ ပိတ်စကိုသုံးပြီး ချုပ်ထားတဲ့ဟာမျိုးတွေ၊ ပြီးရင် မင်္ဂလာအရောင်ကိုလည်း အရောင်ဆန်းဆန်းလေး တစ်ရောင်ကို ဒီနှစ်မင်္ဂလာပွဲတွေမှာ မင်္ဂလာမောင်နှံတွေ ဝတ်ဆင်နိုင်ဖို့ Favourite color အဖြစ်နဲ့ ပြသသွားမှာပါ" လို့ ကိုစိန်လင်း(Aroma)က ပြောပြပါတယ်။

အဆိုပါဖက်ရှင်ရှိုးပွဲကြီးတွင် အဆိုတော်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေမှာဖြစ်သလို သရုပ်ဆောင်တွေကလည်း ဝတ်စုံတွေဝတ်ဆင်ပြသသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမင်္ဂလာဝတ်စုံပြပွဲကြီးမှာ အနုပညာရှင်ပေါင်း ၂၀၀ ကျော် ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

"အခု Aroma Wedding Show မှာ အခမဲ့ပြသပေးမှာမို့ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါတယ်။ တကယ်လို့ စိတ်ဝင်စားလို့ အလုပ်အပ်မယ်ဆိုရင်တော့ မနက် ၁၁ နာရီကနေ ညနေ ၆ နာရီအထိ၊ Package မဟုတ်ဘဲ ဆားဗစ် တစ်ခုချင်းစီယူမယ်ဆိုရင် ၁၅ ရာခိုင်နှုန်း၊ Package လိုက်ယူရင်တော့ ၂၀ ရာခိုင်နှုန်း ပေးမှာပါ။ တစ်ခုချင်းစီအပ်မယ့် ၁၅ ရာခိုင်နှုန်းသမားတွေကိုလည်း မဲဖောက်ပြီးတော့ တစ်ယောက်ကို ငွေပြန်အမ်းပေးမယ်။ ဥပမာ မိတ်ကပ်ပဲအပ်မယ်၊ ဝတ်စုံပဲအပ်မယ်ဆိုရင် သူယူတဲ့ ဆားဗစ်ရဲ့ တန်ဖိုးကို အလကားလုပ်ခွင့်ပေးမှာပါ။ Package လိုက်ယူတဲ့လူကျတော့ ၂၀ ရာခိုင်နှုန်းပေးထားတဲ့အပြင်ကိုမှ ကံထူးသူအဖြစ်ရွေးချယ်ခံရပါက သူယူထားတဲ့ Package တန်ဖိုး သိန်း ၄၀ ဆို၊ သိန်း ၄၀စလုံး ပြန်အမ်းပေးသွားမှာပါ။ ပိုက်ဆံမယူဘဲ အခမဲ့ဆောင်ပေးမှာပါ"

"နောက်ပြီး ဂန္ဓမာ WholeSale မှာ လက်မှတ်ရေးထိုးပွဲကို အခမဲ့ကျင်းပခွင့်ပေးပါမယ်။ ဆွီတီးဟုမ်းရဲ့ နှစ်ယောက်အိပ်မွေ့ယာတစ်လုံးပါပါမယ်။ ဝိန့်စိန်ရဲ့ လက်ထပ်လက်စွပ် တစ်စုံပါမယ်။ တော်ဝင်ဘရဏီ ပိုးထည်တိုက်ရဲ့ ပိုးပုဆိုးနဲ့ ချိတ်လုံချည်တစ်ကွင်းပါမယ်။ ငွေရေစက်နဲ့ မီးခံသေတ္တာတစ်လုံးပါမယ်။ ပန်းလှိုင်ဆေးရုံမှာကလေးမွေးဖွားစရိတ်ပါပါမယ်။ အဲဒါတွေအားလုံးကို ၂၀ ရာခိုင်နှုန်း ပက်ကေ့ချ်နဲ့ဝယ်တဲ့သူက အကုန်ရရှိမှာပါ" ဟု အဆိုပါမင်္ဂလာဝတ်စုံပြပွဲတွင် ကံထူးသူများရရှိနိုင်မည့် အခွင့်အရေးများနှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။

အဲဒီမင်္ဂလာဝတ်စုံပြပွဲကြီးကို အောက်တိုဘာ ၂ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီကနေ ည ၁၀ နာရီအထိ ရန်ကုန်မြို့ ဂန္ဓမာ Whole Sale ရှိ Gand-amar Grand Ballroom တွင်ကျင်းပသွားမည် ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ တန်ဖိုးကြီးမင်္ဂလာလက်ဖွဲ့များစွာ ရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်အဖြစ် အဆိုပါ အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီမှ ညနေ ၆ နာရီအထိ ပရိုမိုးရှင်းအချိန်ကာလအဖြစ်သတ်မှတ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **ဖြိုးစန္ဒာမြင့်(ကြေးမုံ)**

# မန်စီးတီးကို စပါးအနိုင်ကစားမည်

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် ရာနှုန်းပြည့် နိုင်ပွဲဆက်နေပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်သည့် အနေအထားကို ပိုင်ဆိုင်ထားသော်လည်း စပါးနှင့်ပွဲစဉ်တွင် မန်စီးတီးအသင်း သေချာပေါက် ရှုံးကန်ရမည်ဖြစ်ကာ မန်စီးတီးနည်းပြ ဂွါဒီယိုလာအနေဖြင့် အခက်ခဲဆုံးသော စမ်းသပ်မှုကို ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း အင်္ဂလန်နာမည်ကျော် အားကစားအစီအစဉ်တင်ဆက်သူ ဂျီးနပ်စ်က သုံးသပ်လိုက်သည်။ သို့သော် ဂျီးနပ်စ်မှာ ယခင် စပါးကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းကို အလေးသာ သုံးသပ်မှုပြုခဲ့သည်ကို သတိပြုရမည်ဖြစ်သည်။

မန်စီးတီးအနေဖြင့် မန်ယူအသင်းကို သက်သောင့်သက်သာ အနိုင်ရခဲ့ခြင်းမှာ နည်းပြ မော်ရင်ဟိုသည် မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီမှသာ စတင်ကိုင်တွယ်သူဖြစ်ရာ မန်ယူ၏ အကောင်းဆုံးကစားသမား ၁၁ ဦးကို ရွေးချယ်ရန် ခက်ခဲခဲ့ခြင်းကြောင့်ဖြစ်ပြီး စပါးနည်းပြ ပိုချက်တီနိုမှာ ကလပ်အသင်းကို ကာလကြာရှည် ကိုင်တွယ်လာသူဖြစ်သဖြင့် မန်ယူနှင့်ပွဲစဉ်ကကဲ့သို့ ထပ်မံလုပ်ဆောင်ပြနိုင်ရန် မမျှော်လင့်ထားသင့်ကြောင်းလည်း ဂျီးနပ်စ်က သတိပေးစကားဆိုခဲ့သည်။

ပရီမီယာလိဂ် ခြောက်ပွဲကစားပြီးချိန် စပါးအသင်းမှာ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၂)နေရာတွင် ရပ်တည်ထားနိုင်သည့်အတွက် နှစ်ပေါင်း (၅၁) နှစ်အကြာတွင် အကောင်းဆုံးသောရာသီအစဖြစ်ခဲ့သည်။ စပါးတွင် ဒန်နီရို့စ်၊ အဲရစ်ဒိုင်ယာ၊ ဟယ်ရီကိန်းစသည့် အဓိက ကစားသမားများ ဒဏ်ရာရရှိနေသော်လည်း တိုက်စစ်ပိုင်းကို ဆွန်ဟောင်မင် အကောင်းဆုံး ဦးဆောင်ထားနိုင်ဆဲဖြစ်သည်ကို ချန်ပီယံလိဂ်ပြိုင်ပွဲ စီအက်စ်ကေအေအား အဝေးကွင်းတွင် အနိုင်ယူပြီး သက်သေပြနိုင်ခဲ့သည်ဟု ဂျီးနပ်စ်က ယုံကြည်သည်။

မန်စီးတီးအသင်းသည် ဆဲလ်တစ်နှင့် သုံးဂိုးစီ သရေကျခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်မတိုင်မီ ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ဆဲလ်တစ်နှင့်ပွဲစဉ်တွင် မန်စီးတီးအသင်း၏ အားနည်းချက်အချို့ကို မြင်တွေ့ခဲ့ရသလို ပြီးခဲ့သည့် ရက်သတ္တပတ် ဆွမ်ဆီးအား အနိုင်ကစားရန် ရုန်းကန်ခဲ့ရသည်။ စပါးအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် ခံစစ်ပိုင်း ပိုမိုကျစ်လျစ်လာသလို ဒယ်လီအယ်လီ၊ ဟယ်ရီကိန်း၊ လာမယ်လာတို့ကဲ့သို့ ငယ်ရွယ်သည့် ခြေစွမ်းထက်ကစားသမား အများအပြားကို ပိုင်ဆိုင်ထားသည်။




## ၂၀၁၆-၁၇ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်(၆)အပြီး စပါးနှင့် မန်စီးတီးအသင်း စွမ်းဆောင်နိုင်ရည်

| အသင်းအမည် | ရဂိုး | တစ်ပွဲပျမ်းမျှဂိုးပေါက်ကန်သွင်းမှု | ဂိုးပေါက်တည့်မှု | အမှတ်ပေးဇယားရပ်တည်မှု |
|---|---|---|---|---|
| မန်စီးတီး | ၁၈(အဆင့်၁) | ၁၂ဒသမ၈ (အဆင့်၂) | ၆(အဆင့်၃) | ၁ |
| စပါး | ၁၀(အဆင့်၅) | ၁၃ဒသမ၁(အဆင့်၂) | ၆(အဆင့်၃) | ၂ |

# အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွှန်းနီဆက်ရှိနေမည်



တိုက်စစ်မှူးရွှန်းနီသည် အင်္ဂလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းကို ယာယီကိုင်တွယ်ခွင့်ရရှိခဲ့သည့် နည်းပြ ဆောက်ဂိတ်က အတည်ပြုပြောကြားလိုက်သည်။

ဆောက်ဂိတ်သည် အင်္ဂလန်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သည့် ဆမ်အလာဒိုက်စ်နေရာတွင် အစားထိုးတာဝန်ယူခွင့်ရရှိခဲ့သူဖြစ်ပြီး တာဝန်ယူခွင့်ရရှိခဲ့သည့်အချိန်တွင် မန်ယူအသင်းခေါင်းဆောင် ရွှန်းနီအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆောက်ဂိတ်က "ကျွန်တော့်အနေနဲ့ တိုက်စစ်မှူး ရွှန်းနီကို အသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေဖို့ ဆန္ဒရှိခဲ့သလို နည်းပြအဖွဲ့ကလည်း အသက်(၃၀)အရွယ်ရှိပြီဖြစ်တဲ့ ရွှန်းနီကို ခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ပဲ မြင်ချင်ကြပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် မော်လ်တာအသင်း၊ ဆလိုဗေးနီးယားအသင်းတို့နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဆိုပါပွဲစဉ်အတွက် ပွဲထွက်ကစားသမားစာရင်းကို ယာယီနည်းပြဆောက်ဂိတ်အနေဖြင့် အောက်တိုဘာ ၂ ရက်တွင် ရွေးချယ်မည်ဖြစ်သည်။

တိုက်စစ်မှူး ရွှန်းနီသည် မန်ယူအသင်း၏ ပထမပွဲထွက်ကစားခွင့် ပျောက်ဆုံးနေခဲ့သူဖြစ်ပြီး မန်ယူအသင်းက လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲထွက်ကစားခွင့်မှ ချန်လှပ်ခံခဲ့ရသည့်အပြင် ဖေ့ယာအသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင်လည်း ပွဲကစားချိန် ၆၇ မိနစ်ရောက်မှသာ လင်းဂတ်၏နေရာတွင် အစားထိုးကစားသမားအဖြစ် ဝင်ရောက်ကစားခွင့်ရရှိခဲ့သည်။

သို့ရာတွင် ဆောက်ဂိတ်သည် အင်္ဂလန်အသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ယူစဉ်ကာလအတွင်း အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်လက်ပတ်ကို တိုက်စစ်မှူး ရွှန်းနီကိုသာ ပတ်ခွင့်ပေးမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ တိုက်စစ်မှူး ရွှန်းနီသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးပါက အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဟု ကြေညာထားခဲ့ပြီး ဆောက်ဂိတ်ကမူ အသင်းခေါင်းဆောင် ရွှန်းနီမှာ အင်္ဂလန်အသင်း၏ အဓိကကစားသမားအဖြစ် ဆက်ရှိနေမည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**

**အောက်တိုဘာ ၁/၂ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၇**

| | | |
|---|---|---|
| ဆွမ်ဆီး - လီဗာပူး | ညနေ-၆း၀၀ |
| ဟားလ်စီးတီး - ချယ်လ်ဆီး | ည-၈း၃၀ |
| ဆန်းဒါးလန်း - ဝက်စ်ဘရွန်း | ည-၈း၃၀ |
| ဝက်ဖို့ဒ် - ဘုန်းမောက် | ည-၈း၃၀ |
| ဝက်စ်ဟမ်း - မစ်ဒယ်ဘရော့ | ည-၈း၃၀ |

**လာလီဂါ ပွဲစဉ် - ၇**

| | |
|---|---|
| ဂရန်နာဒါ - လီဂါနက်စ် | ညနေ-၅း၃၀ |
| ဆီဗီလာ - အလာဗက်စ် | ည-၈း၄၅ |
| ဆိုဆာဆူနာ - လက်စ်ပါမက်စ် | ည-၁၁း၀၀ |
| ဒီပို့တီဗို - စပို့တင်းဂီဂျွန် | နံနက်၁း၁၅ |

**စီးရီးအေ ပွဲစဉ် - ၇**

| | |
|---|---|
| ပက်စ်ကာရာ - ချီယေဗို | ည-၁၀း၃၀ |
| အူဒီးနိစ် - လာဇီယို | နံနက်၁း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၆**

| | |
|---|---|
| ဘိုင်ယန်မြူးနစ် - ကိုလုံး | ည-၈း၀၀ |
| ဟာသာဘာလင် - ဟမ်းဘတ် | ည-၈း၀၀ |
| အက်ဂေါ့စတက် - ဟော့ဖန်ဟိမ်း | ည-၈း၀၀ |
| ဒမ်စတက် - ဝါဒါဘရီမင် | ည-၈း၀၀ |
| ဖရိုင်းဘတ် - ဖရန့်ဖတ် | ည-၈း၀၀ |
| လေဗာကူဆင် - ဒေါ့မွန် | ည-၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၈**

| | |
|---|---|
| ပီအက်စ်ဂျီ - အော်ဒိုး | ည-၉း၃၀ |
| လိုင်လီ - နန့်စီ | နံနက်၀၀း၃၀ |
| ဒီဂျွန် - မောင့်ပယ်လီယာ | နံနက်၀၀း၃၀ |
| နန့်တက်စ် - ဘက်စ်တီယာ | နံနက်၀၀း၃၀ |
| ကိန်း- တူးလော့စ် | နံနက်၀၀း၃၀ |
| မက်ဇ် - မိုနာကို | နံနက်၀၀း၃၀ |

**မောင်မောင်ဇော်**

# အိုဇေးလ်၏ စာချုပ်သစ်အခြေအနေပေါ်မူတည်၍ မာကိုရူးစ်အား ခေါ်ယူရန် အာဆင်နယ်စောင့်ကြည့်နေ



အာဆင်နယ်အသင်းသည် ကွင်းလယ်ဖန်တီးရှင် မီဆပ်အိုဇေးလ်အား ပြီးခဲ့သည့်ဘောလုံးရာသီကပင် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းထားခဲ့သော်လည်း ယင်းကိစ္စရပ်မှာ ယခုထိ ပြီးပြတ်နိုင်ခြင်းမရှိရာ အိုဇေးလ်၏ ဆုံးဖြတ်ချက်ပေါ်မူတည်၍ ဒေါ့မွန်တောင်ပံတိုက်စစ်မှူး မာကိုရူးစ်အား အစားထိုးခေါ်ယူရန် အာဆင်နယ်အသင်းဘက်မှ စောင့်ကြည့်နေကြောင်း အိပ်ပရက်စ်သတင်းဌာနက ဖော်ပြသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးသည် မာကိုရူးစ်၏ ပရိသတ်တစ်ယောက်ဖြစ်ပြီး မာကိုရူးစ်နှင့် အာဆင်နယ်ပူးပေါင်းရေးကို လိုလားသူဖြစ်သော်လည်း အိုဇေးလ်နှင့် ရူးစ်တို့နှစ်ဦးမှာ ကစားပေါက်ဆင်သူများဖြစ်သဖြင့် မာကိုရူးစ် အာဆင်နယ်သို့ လာရောက်နိုင်ရန်မှာ အိုဇေးလ်ထွက်ခွာမှသာ ဖြစ်နိုင်သောအခြေအနေဟု သုံးသပ်ချက်များရှိနေသည်။ လက်ရှိတွင် မာကိုရူးစ်မှာ ပေါင်ခြံဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီ ဒေါ့မွန်အတွက် တစ်ပွဲမျှ ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိသေးရာ ပရီမီယာလိဂ်ကဲ့သို့ ကြံ့ခိုင်မှုအသားပေးသော လိဂ်တွင် ရူးစ် အဆင်မပြေနိုင်ဟူသော သုံးသပ်ချက်များလည်း ရှိနေသည်။

သို့သော် ရူးစ်၏ ကွင်းလယ်တိုက်စစ်ပိုင်းကို ဦးဆောင်နိုင်သည့် အရည်အသွေးမှာ မေးခွန်းထုတ်စရာမလိုအောင် ပြည့်စုံသူဖြစ်သောကြောင့် ဝင်းဂါး၏ ပစ်မှတ်ကစားသမားများထဲတွင် ထိပ်ဆုံးမှ ပါဝင်နေခြင်းဖြစ်သည်။ မာကိုရူးစ်နှင့် ဒေါ့မွန်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သလို အာဆင်နယ်နှင့် အိုဇေးလ်တို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်မှာလည်း ယင်းအချိန်မှာပင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အိုဇေးလ်အနေဖြင့် စာချုပ်သစ်ကို ယခုရက်သတ္တပတ်အတွင်းမှာပင် လက်မှတ်ရေးထိုးနိုင်ခြေရှိပြီး အကယ်၍ သက်တမ်းမတိုးဖြစ်လျှင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းရန်အတွက်သာ ဖြစ်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

အာဆင်နယ်အသင်းသည် ဦးစားပေးအနေဖြင့် အိုဇေးလ်ကိုသာ စာချုပ်သက်တမ်းတိုးရန် မျှော်လင့်ထားပြီး မဖြစ်နိုင်သော အခြေအနေမှသာ မာကိုရူးစ်ကို ခေါ်ယူရန် ကြိုးပမ်းနိုင်ခြေရှိကြောင်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ ထို့ပြင် ဝင်းဂါးသည် မန်စီးတီးနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ခြေစွမ်းပြသွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ဆဲလ်တစ်တိုက်စစ်မှူး ဒမ်ဘီလီအားခေါ်ယူရန် စောင့်ကြည့်နေကြောင်းလည်း သိရသည်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

### လားသမားတွေ တအားများတဲ့ခေတ်

အားလုံးသိတော်မူပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံတော်ကြီးရဲ့ အမှောင်ခေတ်ကာလက မျိုးဆက် နှစ်ဆက်စာလောက် ကောင်းကောင်းရှိသွားခဲ့လေပြီမို့ အများစုရဲ့ ကိုယ်ရည်ကိုယ်သွေးတွေက စုတ်ချာနေတော့တာများ ဘယ်နားကြည့်လိုက်ကြည့်လိုက် အားနည်းချက် ဗရပွနဲ့ဖြစ်နေပါတယ်။ အဲဒီထဲက အထင်ရှားဆုံးနမူနာကတော့ ကနေ့ စာနယ်ဇင်းဆရာဆိုသူတွေရဲ့ မေးခွန်းတွေ အားနည်းနေတာနဲ့ သက်သေထူရမလား မသိဘူး။

သတင်းနဲ့ ပတ်သက်လာရင် "ဘခြောက်လုံး"ဆိုတာလောက်တော့ ကနေ့ စာနယ်ဇင်းဆရာတွေ အတော်များများ သိကြမှာ မလွဲဘူး ထင်ပါတယ်။ "ဘယ်သူ"၊ "ဘာ"၊ "ဘယ်မှာ"၊ "ဘယ်တုန်းက"၊ "ဘယ်လို"၊ "ဘာ့ကြောင့်" ဆိုတာတွေဟာ သတင်းတစ်ပုဒ်အတွက် အလွန်အရေးကြီးလှပါတယ်။ ဒါပေမယ့် အဲဒါကို သဘောတရားအရသာ သိထားကြသူတွေက သိထားကြမှာ ဖြစ်ပေမယ့် လက်တွေ့မှာတော့ ချမသုံးတတ်တာဟာ သူတို့ရဲ့ တွေ့ဆုံမေးမြန်းခန်း အတော်များများမှာ သတိထားမိနေတာကြာပါပြီ။

တစ်ဦးချင်းပဲ တွေ့မေးမေး၊ သတင်းစာရှင်းလင်းပွဲမှာပဲ မေးမေး၊ ခုကာလ ဆရာတွေရဲ့ မေးခွန်းအများစုဟာ အပိတ်မေးခွန်းတွေဖြစ်ပါတယ်။ အချက်အလက်ကို နှိုက်ယူတဲ့ အဖွင့်မေးခွန်းတွေ ဖြစ်မလာပါဘူး။ "ဘခြောက်လုံး"ကို သုံးရင် မေးခွန်းက "လဲ"နဲ့ အဆုံးသတ်ပါတယ်။ ဥပမာအားဖြင့် "သည်ကိစ္စကို ဘယ်လိုမြင်ပါသလဲ"ဆိုတာမျိုးပေါ့။ အဲဒီအခါ ဖြေသူက စီကာပတ်ကုံး သိုင်းသိုင်းဝိုင်းဝိုင်း ဖြေနိုင်ပါတယ်။ အဲတော့ သတင်းသမားတွေ မေးသင့်တဲ့ မေးခွန်းတွေရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ အထက်ဟာ "လဲ"မေးခွန်းတွေသာ ဖြစ်နေတတ်စမြဲပါ။

သို့ပေမယ့် လက်ရှိသတင်းသမား အကုန်လုံးမဟုတ်တောင် အများစုကတော့ "လား"နဲ့သာ အမေးသန်နေရှာကြတာကို မကြာခဏ ကြုံရတတ်ပါတယ်။ "သည်ကိစ္စကို မတရားဘူးလို့ မြင်တယ်မဟုတ်လား"ဆိုတာမျိုးပေါ့။ ဖြေသူအတွက်က ဖြေစရာ နှစ်ခွန်းပဲ ရှိပါတယ်။ "မြင်ပါတယ်"နဲ့ "မမြင်ပါဘူး" တစ်ခုခုပေါ့။ ကိစ္စက အလိုလို ပြတ်နေပါပြီ။

တစ်ခါတလေကျတော့လည်း "လဲ"တွေနဲ့တော့ မေးပါရဲ့။ ဖြေသူကလည်း ဖြေပါရဲ့။ အဖြေတွေထဲမှာ အစတွေ ဖွာလန်ကျဲနေတာမို့ နောက်ကနေ ဆက်တိုက် ဖိမေးစရာတွေ တစ်ပုံကြီး ကျန်ပေမယ့်လည်း ခများများမှ သူ့အဖြေကို "နင်း"ပြီး မမေးတတ်ရှာကြပြန်ဘူး။ အဲတော့ သူတို့လည်း သိသင့်တဲ့အချက်တွေ အကုန်အစင် မရလိုက်သလို သူတို့ပရိသတ်လည်း သိတန်သလောက် မသိရတော့ဘူး။

အပြစ်မတင်ရက်ပါဘူး။ သူငယ်တန်းမှသည် တက္ကသိုလ်က ဘွဲ့ရလာသည်အထိ ဆရာကို မေးခွန်းပြန်ထုတ်လို့မရတဲ့ ပညာရေး၊ လူမမည်အရွယ်ကတည်းက မိဘနဲ့ အကြီးတွေကို တောင်မေး မြောက်မေး မေးမိရင် ငြိုငြင်ခံခဲ့ရတဲ့ မိသားစုဘဝ ပတ်ဝန်းကျင်မှာ လူလားမြောက်လာခဲ့ရသူများအဖို့ မေးခွန်းမေးတာနဲ့ စိမ်းနေတာဟာ သဘာဝကျပါတယ်။ စာနယ်ဇင်းဆရာတွေတင် မဟုတ်ပါဘူး။ ပွဲပေါင်းစုံ၊ သင်တန်းပေါင်းစုံမှာ ဆုံနေရတဲ့ ပရိသတ်စုံ၊ သင်တန်းသားပေါင်းစုံသည်လည်း မေးခွန်းမေးပါဆိုတာနဲ့ မိန့်ခွန်းရှည်ကြီးတွေ ထခြွေသူက ခြွေ၊ သမိုင်းနဲ့ ချီပြီး ပြောချင်ရာပြောတဲ့သူက ပြော၊ အဆုံးသတ်ကျတော့မှ "လား"မေးခွန်းနဲ့ ပိတ်သူက အများအပြားပါ။

အဲဒါက မေးတဲ့သူတွေဘက်က အားနည်းချက်။

### ဖြေသူတွေကလည်း အတော်လွဲ

ဖြေတဲ့သူတွေဘက်ကလည်း အဝါးမဝ (အသံထွက် အပါးမဝ) တာတွေကတော့ မပြောပါနဲ့တော့။ ကြားရ ကြားရ နားဝ မသက်သာစရာတွေချည်းပဲ။




တကယ်တော့ တွေ့ဆုံမေးမြန်းခန်းကို ရင်ဆိုင်တဲ့အခါ တကယ်အခရာကျသူက မေးသူမဟုတ်ပါဘူး။ ဖြေသူကသာ အဲဒီတွေ့ဆုံမေးမြန်းခန်းကို စီးထားသူ၊ အဓိကကျသူ ဖြစ်တာကို သဘောကို မပေါက်ကြဘူး။ မေးသူက ဘယ်လိုလှည့်ပတ်မေးမေး၊ ဖြေသူက ဖြေချင်မှ ရတာပါ။

သို့ပေမင့် ကျွန်တော်တို့ဆီက အဲလို တွေ့ဆုံမေးမြန်းခန်းဖြေသူ အတော်များများကတော့ ခံစားချက်ကို မထိန်းနိုင်တာ သိသိသာသာကြီးကို တွေ့နေရပါတယ်။ မေးသူတွေဘက်က သိပ်တောင်မဆွရသေးဘူး၊ သူတို့ စိတ်လှုပ်ရှားသွားတာ၊ ဒေါသထွက်သွားတာတွေကို ပရိသတ်က မြင်တွေ့ ကြားသိနေရပါတယ်။ အရုပ်မမြင်၊ အသံမကြားရတောင်မှ သူတို့ဖြေလိုက်တဲ့ စကားလုံးတွေကို ဖတ်ရတာနဲ့တင် သူတို့ စိတ်လှုပ်ရှားနေတာ၊ မေးသူကို အေးအေးဆေးဆေး ရင်ဆိုင်မယ့်အစား ခံစစ်နဲ့ဖြစ်သွားတာ (အတိအကျပြောရင် မေးသူကို ခံပက်နေတာ)၊ ဒေါသတကြီး ပြန်ဖြေနေတာတွေကို ပရိသတ်ကသိနေပါတယ်။ တချို့များဆို လူပုံအလယ်မှာ မပြောသင့်တဲ့ ကိုယ်ရေးကိုယ်တာဘဝထဲက အကြောင်းအရာတွေသာမကဘဲ ရုန့်ရင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေ ပြောမိကုန်တဲ့အထိ ခံစားချက်ကို မထိန်းနိုင်ကြတာ တွေ့တွေ့နေရပါတယ်။

မေးသူတွေကို အပြစ်မတင်ရက်သလိုပဲ အခုလို ဖြေတဲ့သူတွေကိုလည်း အပြစ်မတင်ရက်ပါဘူး။ ပြောခဲ့တဲ့အတိုင်း အမှောင်ခေတ်မှာ မျိုးဆက်နှစ်ဆက် ကြာနေခဲ့ကြရတဲ့အထဲမှာ ဖြေသူတွေလည်း ပါနေတာမို့ သူတို့သည်လည်း မေးသူများနည်းတူ ချာတူးလန်နေတာ သဘာဝကျလှပါတယ်။

ဂါထာပေးရင် တေးဖြစ်မလားတော့ မသိပါဘူး။ သို့သော် တွေ့ဆုံမေးမြန်းခန်းဖြေကြားမယ့်သူတွေအတွက် အဓိကအချက်ကလေးတွေကို ဆွေးနွေးတင်ပြပေးချင်ပါတယ်။

### ကြိုပြင်တာ

ဘယ်တွေ့ဆုံမေးမြန်းခန်းအတွက်မဆို ဖြေမယ့်သူဘက်က ကြိုပြင်ထားတာ မမှားပါဘူး။ သတင်းစာရှင်းလင်းပွဲ၊ မီဒီယာတွေ့ဆုံပွဲတွေ လုပ်မယ်ဆိုရင်တော့ အထူးပေါ့။ သို့ပေမယ့် မိမိက ထင်ရှားသူဖြစ်နေရင်လည်း ဘယ်ပွဲမှာမဆို ကိုယ့်ရှေ့ကို ကင်မရာနဲ့ အသံဖမ်းစက်ကြီး ရောက်လာနိုင်တာကို တွက်ဆပြီး အိမ်ကမထွက်ခင်ကတည်းက ကြိုပြင်ထားတာ မမှားနိုင်ပါဘူး။

ဘာကို ကြိုပြင်ထားမလဲဆိုရင်တော့ ပရိသတ်ကို ကိုယ်ဘာပြောချင်သလဲဆိုတာက ပထမဆုံးပါ။ ကိုယ်ပြောချင်တဲ့ အချက် သုံး၊ လေးချက်ကို စဉ်းစားထားတာက ပြင်ဆင်မှု ပထမအဆင့်ပါ။ ဒုတိယပြင်ဆင်ရမှာက အဲဒီကိုယ်ပြောလိုရာကို ခိုင်လုံအောင် ပံ့ပိုးပေးမယ့်အချက်အလက်တွေ၊ ကိုယ့်ရဲ့အတွေ့အကြုံနမူနာတွေကို စဉ်းစားထားရမှာပါ။ လေရှည်ဖို့ မဟုတ်ဘဲ ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ရေးအတွက် ပံ့ပိုးပေးမှာတွေကို ခေါင်းထဲ ကြိုထည့်ထားဖို့ပါပဲ။

မိသားစုတွေ၊ ရင်းနှီးသူတွေနဲ့ တွေ့ဆုံမေးမြန်းခန်း အတုလေးတွေ လုပ်ပြီး ပွဲမဝင်ခင် အပြင်မှာ ကြိုလေ့ကျင့်ထားနိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။

ပြောမယ့်သာ ပြောရတယ်၊ ကျွန်တော်တို့ ရွှေမြန်မာတွေနဲ့ ကြိုတင်ပြင်ဆင်တာနဲ့က နည်းနည်းများ အလှမ်းဝေးနေသလားလို့လည်း တွေးနေမိတာ အမှန်ပါပဲ။

### မေးမြန်းခန်းကို ရင်ဆိုင်နေချိန်

စကားစပြောပြီဆိုတာနဲ့ မျက်နှာကို ပြုံးထားဖို့လိုပါတယ်။ မေးမြန်းသူကိုလည်း အပြုံးနဲ့ပြန်ပြောတာဟာ သူနဲ့ကိုယ်နဲ့ အဆင်ပြေရေးအတွက် အများကြီးအထောက်အကူ ဖြစ်စေပါတယ်။ ရုပ်မြင်သံကြားမှာသာ ပရိသတ်က မြင်နေမယ်ဆိုရင် ကိုယ်ပြုံးနေတာဟာ ပရိသတ်အမြင်မှာ ရှစ်ခေါက်ချိုးမျက်နှာထက်၊ ဒါမှမဟုတ် ကြောင့်ကြနေတဲ့ မျက်နှာထက် အများကြီးနှစ်လိုဖွယ်ကောင်းနေမှာ အထူးပြောစရာ မလိုပါဘူး။

ကင်မရာကြီး ရှေ့ရောက်လာတာနဲ့ တချို့တွေက တောင့်တောင့်ကြီးတွေ ဖြစ်သွားတတ်သလို တချို့ဆိုလည်း မျက်နှာကြောတွေ တင်းကုန်တတ်ပါတယ်။ အဲဒါလေးကို သတိထားသင့်မယ် ထင်ပါတယ်။ မပြုံးချင်ဘူးဆိုရင်တောင်မှ မျက်နှာကြောကြီး တင်းမနေအောင် ဂရုစိုက်တာမျိုးဟာ ရုပ်သံမေးမြန်းခန်း ဖြေချိန်မျိုးမှာ အထူးအလေးထားအပ်တာမျိုးပါ။ မျက်နှာထားကြီးကတော့ ကိုယ့်ရဲ့ သိမ်ငယ်စိတ်ကို ဖွင့်တင်းထားတာနဲ့ ဖော်ပြရာရောက်နေတာကိုလည်း မမေ့သင့်ပါဘူး။

ကိုယ်ပြောမယ့်အကြောင်းအရာကို ခိုင်ခိုင်မာမာနဲ့ ချေချေငံငံ ပြောတတ်ဖို့လည်း ကျင့်ထားသင့်ပါတယ်။ မေးခွန်းမေးသူက ဘောင်ကျဉ်းကျဉ်းနဲ့ မေးရင်တောင် ကိုယ်က ကျယ်ကျယ်ပြန့်ပြန့်ဖြေရင်း အချက်အလက်တွေ၊ အယူအဆတွေနဲ့ ကိုယ်ပြောလိုတဲ့ဘက်ကို ပြန်သယ်သွားနိုင်ပါတယ်။ ပြီးတော့ မေးခွန်းကို သေချာနားထောင်သင့်တယ်။ ဖြေရခက်တဲ့မေးခွန်းမျိုးနဲ့ ကြုံပြီဆိုရင် ခဏလေး ဆိုင်းထားပြီး အဖြေကို သေချာစဉ်းစားပြီးမှ ခပ်ဆဆ ဖြေတာမျိုးဟာ အကောင်းဆုံးပါပဲ။ ကိုယ်မသိတဲ့ မေးခွန်းကို မေးလာခဲ့ရင် မသိပါဘူး။ တခြားတစ်ယောက်ယောက် ဖြေနိုင်တာမျိုးဆိုရင် အဲဒီသူကိုသာ သွားမေးပေးပါလို့ ချေချေငံငံပြောနိုင်သလို ကိုယ်ကတခြားတစ်ယောက်ယောက်ကို ပြန်မေးပြီးမှဖြစ်စေ၊ စာအုပ်ပြန်ကြည့်ပြီးမှဖြစ်စေ ဖြေနိုင်မယ်ဆိုလည်း မသိပါဘူး၊ ဒါပေမယ့် ပြန်မေးပေး၊ ပြန်ကြည့်ပေးပါ့မယ်။ ပြီးရင် ဆက်သွယ်လိုက်ပါ့မယ်လို့ ပြောနိုင်ပါတယ်။

### သတိထားသင့်တာလေးတွေ

ပုံနှိပ်သတင်းအတွက် အမေးအဖြေကိုဆိုရင်တော့ အလွတ်သဘော ပြောတာပါ။ ထည့်မရေးပါနဲ့ဆိုတဲ့ စကားမျိုး ဘယ်တော့မှ မပြောမိဖို့လည်း အထူးသတိထားသင့်ပါတယ်။ ကိုယ်ပြောသမျှကို သတင်းသမားက ရေးလိမ့်မယ်လို့သာ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ယုံမှတ်ထားတာဟာ အန္တရာယ်ကင်းပါတယ်။ သတင်းထောက်ကို ကိုယ်ပြောသမျှဟာ ပုံနှိပ်စာနဲ့ ကိုယ်ကိုယ်တိုင် မြင်ချင်တဲ့ စကားလုံးတွေသာဖြစ်နေအောင် အထူးဂရုစိုက်သင့်ပါတယ်။

ကိုယ်ပြောလိုက်မိတဲ့စကားကို ကိုယ့်ဘာသာ ဘဝင်မကျဖြစ်သွားရင် ဆက်မပြောဘဲ ခဏရပ်ပြီး စကားကို ပြင်ပြောတတ်ဖို့ လိုပါတယ်။ ပြောလိုက်ပြီးတဲ့နောက်မှ ကိုယ်ပြောလိုက်တဲ့ အချက်အလက် လွဲနေရင်ဖြစ်ဖြစ်၊ ကိုယ်ပြောလိုက်တာ ချာသွားလို့ဖြစ်ဖြစ် ပြင်ချင်ရင် သတင်းထောက်ကို ဆက်သွယ်ပြီး အမှားပြင်ပေးဖို့ လိုပါလိမ့်မယ်။ အချိန်မီသေးတယ်ဆိုရင်ပေါ့လေ။

ဒါက နှစ်ယောက်ချင်း မေးမြန်းတဲ့အခါမှာပါ။ သတင်းစာရှင်းလင်းပွဲလို သတင်းထောက်အများအပြားရဲ့ မေးမြန်းမှုကိုဆိုရင်တော့ အဲဒီလိုပြင်ဖို့ဆိုတာ ဖြစ်နိုင်ခဲတာမို့ အစကတည်းက ကိုယ့်ဘက်က ကျကျနန ပြင်ဆင်ပြီး မေးသူရဲ့ ထောင်ချောက်ထဲ မပိတ်မိအောင် အထူးလေ့ကျင့်ထားဖို့ လိုပါလိမ့်မယ်။

### နိဂုံး

ကနေ့ကာလမှာ စာပေစိစစ်ရေးဆိုတာလည်း မရှိတော့သလို စာနယ်ဇင်းတွေရော ရုပ်သံမီဒီယာတွေပါ တအားများလာပြီမို့ သည်လိုတွေ့ဆုံ မေးမြန်းတာတွေက ခါတိုင်းထက် ပိုများလာပြီဖြစ်သလို ဖြေနေရသူတွေကလည်း နယ်ပယ်ပေါင်းစုံက ပိုများလာပါပြီ။ အရင်ကလို အနုပညာရှင်တွေလောက်နဲ့မပြီးတော့ပါဘူး။ ဌာနတွေ၊ လုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေက အရာထမ်း အမှုထမ်းပေါင်းစုံအနေနဲ့ တစ်ချိန်မဟုတ်တစ်ချိန် ကိုယ့်ရှေ့ကို အသံဖမ်းစက်ကြီး ရောက်လာ နိုင်တာကိုတွေးပြီး ကြိုတင်ပြင်ဆင်ထားနိုင်ကြမယ်ဆိုရင် အကောင်းဆုံးလို့ မြင်မိပါတယ်။ ဒါ့ကြောင့် သည်စာကို ဇွတ်မှိတ် ရေးလိုက်တာပါ။

အဓိကကတော့ဗျာ- မေးခံ၊ မြန်းခံရတဲ့အခါတိုင်းမှာ စိတ်လိုက်မာန်ပါ မဖြစ်မိအောင် ကိုယ့်စိတ်ကိုယ် ထိန်းတတ်ဖို့ပဲဆိုတာ စာနယ်ဇင်းနဲ့ မကင်းနိုင်သူတွေ သတိထားတော်မူကြဖို့ တအားကို လိုအပ်လှတဲ့အကြောင်း မရဲတရဲနဲ့ အကြံပေးလိုက်ချင်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်နေမိကြောင်းပါ ခင်ဗျား။

> ပုံနှိပ်သတင်းအတွက် အမေးအဖြေကိုဆိုရင်တော့ အလွတ်သဘော ပြောတာပါ။ ထည့်မရေးပါနဲ့ဆိုတဲ့ စကားမျိုး ဘယ်တော့မှ မပြောမိဖို့လည်း အထူးသတိထားသင့်ပါတယ်။ ကိုယ်ပြောသမျှကို သတင်းသမားက ရေးလိမ့်မယ်လို့သာ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ယုံမှတ်ထားတာဟာ အန္တရာယ်ကင်းပါတယ်။ သတင်းထောက်ကို ကိုယ်ပြောသမျှဟာ ပုံနှိပ်စာနဲ့ ကိုယ်ကိုယ်တိုင်မြင်ချင်တဲ့ စကားလုံးတွေသာဖြစ်နေအောင် အထူးဂရုစိုက်သင့်ပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# အဂတိကင်းသည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကသို့

## မောင်စာဂ

**(ယမန်နေ့မှအဆက်)**

**အသိနှင့်အကျင့်ပြင်ဆင်ကြဖို့လို**

အဂတိလိုက်စားမှုပပျောက်ဖို့၊ အဂတိလိုက်စားမှုလျော့နည်းဖို့၊ ဥပဒေတွေကို ပြင်ဆင်၍ ဥပဒေတွေကို အသစ်ပြဋ္ဌာန်း၍ အရေးယူဆောင်ရွက်ကြရန် ကြိုးပမ်းအားထုတ်ကြသည်။ ထိရောက်စွာ အရေးယူဆောင်ရွက်ကြဖို့ တွန်းအားပေးဆော်သြနေကြသည်။ သို့သော် ရပ်တန့်မသွား၊ ရှိမြဲရှိနေသည်။ ဖြစ်မြဲဖြစ်နေကြသည်။ သည်တော့ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်းက တစ်ပိုင်း၊ အသိတွေ၊ အကျင့်တွေပြင်ဆင်ပေးဖို့က ပို၍အရေးကြီးသည်ဟု မြင်မိသည်။ လွဲမှားနေသော အသိတွေ၊ အကျင့်တွေ၊ ခံယူချက်တွေ၊ စိတ်နေစိတ်ထားတွေကို တည့်မတ်ပေးဖို့က ပို၍ပို၍ အရေးကြီးသည်ဟု မြင်မိသည်။

အဂတိလိုက်စားမှု ကင်းရှင်းသူနှင့် အဂတိလိုက်စားမှု ကျင့်သုံးသူများ၏ အနေအထား၊ အသွင်အပြင်၊ ပုံပန်းလက္ခဏာများ မည်သို့ရှိသည်ကို လုပ်ဖော်ကိုင်ဖက် အငြိမ်းစားမိတ်ဆွေကြီးအချို့ထံမှ သဘောထားမှတ်ချက်များကို ရယူလေ့လာခဲ့သည်။ နှိုင်းယှဉ်ဖော်ပြပြောကြသည်များမှ အဓိကကျသည့် သွင်ပြင်လက္ခဏာအချက်အချို့ကို ကောက်နုတ်ဖော်ပြပါရစေ။

| စဉ် | အဂတိကင်းရှင်းသူ | အဂတိလိုက်စားသူ |
|---|---|---|
| ၁။ | မိမိကိုယ်ကိုမိမိယုံကြည်မှုအပြည့်ရှိသည်။ | မိမိကိုယ်ကိုမိမိ ယုံကြည်မှုမရှိ။ |
| ၂။ | အတ္တဟိတ၊ ပရဟိတ နှစ်မျိုးတွင် ပရဟိတစိတ်ပိုမိုထားတတ်သည်။ | အတ္တစိတ်များသောကြောင့် အတ္တမပါလျှင် ပရဟိတလုပ်ငန်းများစိတ်ဝင်စားမှုနည်းသည်။ |
| ၃။ | မိမိနှင့်သူတစ်ပါးမျှမျှတတကြည့်ရှုတတ်၊ မြင်တတ်သည်။ | သူတစ်ပါး၏ အားနည်းချက်ကို အမြဲရှာဖွေလေ့လာလေ့ရှိသည်။ |
| ၄။ | ကုသိုလ်စိတ်က အမြဲတမ်းလွှမ်းမိုးနေသည်။ | အကုသိုလ်စိတ်ကအမြဲတမ်းလွှမ်းမိုးနေသည်။ |
| ၅။ | ကောင်းသောသူများ၏ ဝန်းရံမှုကိုခံရပြီး ကောင်းကျိုးချမ်းသာများ ရရှိသည်။ | မကောင်းသောသူများ၏ဝန်းရံမှုကိုခံရပြီး မကောင်းကျိုးများ ရရှိတတ်သည်။ |
| ၆။ | လုံခြုံမှုရှိ၊ အေးချမ်းမှုရှိ၊ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာသည်။ | လုံခြုံမှုမရှိ၊ အေးချမ်းမှုမရှိ၊ ရောဂါဘယထူပြော၊ ဘေးဒုက္ခများတွေ့ရ ပူပူပင်ပင်နှင့် နေရတတ်သည်။ |
| ၇။ | လူဆင်းရဲသော်လည်း စိတ်ချမ်းသာခြင်း အပြည့်ရှိသည်။ အေးချမ်းစွာနေထိုင်ရသည်။ | လူချမ်းသာတစ်ယောက်ဖြစ်နိုင်သော်လည်း စိတ်ချမ်းသာမှုမရှိနိုင်။ ပူလောင်စွာ နေထိုင်ရသည်။ |
| ၈။ | သန့်ရှင်းစွာရရှိသော ငွေကြေးပစ္စည်းများဖြစ်၍ တန်ဖိုးထားသည်။ ဂုဏ်ယူတတ်သည်။ သန့်ရှင်းသော အစားအစာများ အမြဲစားသုံးနေရသည်။ | အဂတိလိုက်စားမှုဖြင့် ရလာသော ငွေကြေးပစ္စည်းများဖြစ်၍ တန်ဖိုးထားတတ်မှု နည်းသည်။ ပူလောင်စေတတ်သည်။ မသန့်ရှင်းသော အစားအစာများ အမြဲစားသုံးနေရသည်။ |
| ၉။ | လူ့ဘဝသက်တမ်းတစ်လျှောက် ကြာမြင့်လာလေလေ လူအများ၏ ကြည်ညိုလေးစားမှုခံရလေလေဖြစ်ပြီး ဂုဏ်သတင်းကျော်စော ပျံ့နှံ့နေမည်။ | လူအများ၏ ကြည်ညိုလေးစားမှုခံရသော်လည်း တစ်ခဏမျှသာဖြစ်သည်။ ကြာလေကြာလေ ဂုဏ်သတင်းများကျဆင်းပြီး ညှိုးညှိုးငယ်ငယ်ဖြစ်နေတတ်သည်။ |
| ၁၀။ | ကွယ်လွန်ခါနီး သေငယ်ဇောနှင့် မျောသည့် အချိန်အထိ စိုးရိမ်ကြောင့်ကျဗျာပါဒမရှိ။ ကောင်းသောသုဂတိဘုံသို့ အရောက်လှမ်းသွားနိုင်သည်။ | သေငယ်ဇောနှင့် မျောသည့် အချိန်တွင် စိုးရိမ်သောကဗျာပါဒများနေရသည်။ မကောင်းသော အဂတိဘုံသို့ လားသွားစေနိုင်သည်။ |

**အဂတိကင်းသည့် ကမ္ဘာကြီးဆီသို့**

(၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထွေထွေမူဝါဒရေးရာမိန့်ခွန်း နိဂုံးချုပ်၌ အဂတိလိုက်စားမှုနှင့် ဆက်စပ်ပြီး အောက်ပါအတိုင်း ပြောကြားထားသည်ကို မှတ်ထားရသည်-

"လောဘ၊ ဒေါသ၊ကြောက်ရွံ့မှု၊ မသိနားမလည်မှုတွေဟာ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုရဲ့ အကြောင်းရင်းများဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ ပြောရာမှ လာဘ်ပေးလာဘ်ယူပြုလုပ်မှု သက်သက်ကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ လူ့သဘာဝ ကျင့်ဝတ်ပျက်ခြင်းကို ဆိုလိုပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုများဟာ လူ့သဘာဝ ကျင့်ဝတ်ကို ပျက်စေသလို ကမ္ဘာကြီးကိုလည်း ကျင့်ဝတ်ပျက်စေပါတယ်။ ကျွန်မတို့ရဲ့ မြေးမြစ်အဆက်ဆက်အတွက် ပိုမိုကောင်းမွန်တဲ့ နေစရာအဖြစ် ကမ္ဘာကြီးကိုဖန်တီးရာမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီလိုကမ္ဘာ့နိုင်ငံအများ စုဝေးတဲ့နေရာမှာပဲ ဒီလိုမေတ္တာရပ်ခံမှုမျိုး ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး အတူတကွ ဒေါသ၊ အမုန်းတရား၊ အကြောက်တရားနဲ့ မသိနားမလည်မှုတွေကို ဆန့်ကျင်ရပ်တည်ကြပါစို့၊ ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရား၊ အခြားသူများရဲ့ ကံကြမ္မာကောင်းတွေအပေါ် ဝမ်းမြောက်တဲ့စိတ်များ မွေးမြူနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာလမ်းရှာဖွေကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။"

အထက်ပါမိန့်ကြားချက်သည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့သာမက လူ့ဘောင်လောက တစ်ခုလုံးအတွက် လမ်းပြသဖွယ်ဖြစ်သည်။ အားလုံးက လေးစားလိုက်နာမှတ်သားဆောင်ရွက်သင့်ကြသည်။

အဂတိလိုက်စားမှုပပျောက်ရေးအတွက် အတ္တကိုရှေ့တန်းမတင်ဘဲ တရားသဖြင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် အထူးလိုအပ်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အစုအဖွဲ့တစ်ခုချင်းအပါအဝင် ပြည်သူအားလုံးက ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ အချုပ်အားဖြင့် ဖြောင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို ကျင့်သုံးလုပ်ဆောင်ကြခြင်းဖြင့် အဂတိကင်းသည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

# ကျေးလက်နေပြည်သူများထံ တီဘီရောဂါရှာဖွေကုသမှုများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည် ဦးဆောင်မှုဖြင့် ခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာမျိုးမင်းဦးနှင့် အဖွဲ့နှင့် ပျဉ်းမနားမြို့နယ် တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာ ထွန်းကျော်စိုးနှင့် အဖွဲ့တို့သည် စက်တင်ဘာ ၂၇ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာ၌ တီဘီရောဂါရှာဖွေကုသပေးခြင်း၊ အထွေထွေရောဂါကုသပေးခြင်းနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောခြင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးသည်။



ရှေးဦးစွာ ခုခံအားကျကာလသား ရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်း ဆောင် ဒေါက်တာမျိုးမင်းဦးက တီဘီ ရောဂါသည် ကူးစက်ရောဂါတစ်ခုဖြစ် ကြောင်း၊ သေသေချာချာမကုသခဲ့လျှင် အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း နှင့် များသောအားဖြင့် အဆုတ်တွင် ဖြစ်ပွားတတ်ပြီး အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများတွင်လည်း ဖြစ်ပွား နိုင်ကြောင်းနှင့် ရောဂါရှိ/မရှိ သိနိုင် စေရန် ရှာဖွေစမ်းသပ်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး TB Focial Person ကျန်းမာရေးမှူး ဦးအေးကိုက တီဘီရောဂါနှင့် ပတ်သက်ပြီး ကူးစက်ပုံ၊ ကုသနည်းနှင့် မကုသပါကဖြစ်ပွားနိုင်သော ဆိုးကျိုး များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် တီဘီရောဂါတိုက်ဖျက် ရေးအဖွဲ့မှ ဒေါက်တာထွန်းကျော်စိုး နှင့်အဖွဲ့သည် ကျေးရွာနေပြည်သူ ၁၃၅ ဦးနှင့် သံဃာတော် နှစ်ပါးတို့ အား ရွေ့လျားဓာတ်မှန်စက်ဖြင့် တီဘီ ရောဂါရှာဖွေကုသပေးခြင်း၊ ခုခံ အားကျ ကာလသားရောဂါတိုက်ဖျက် ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ မျိုးမင်းဦးနှင့်အဖွဲ့သည် ကျေးရွာနေ ပြည်သူ ၂၈၆ ဦးတို့အား အထွေထွေ ရောဂါကုသခြင်းနှင့် လိုအပ်သော ဆေးဝါးများကို ထောက်ပံ့ပေးအပ် ခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြ သည်။

ထိုသို့ တီဘီရောဂါရှာဖွေရာတွင် တီဘီရောဂါဝေဒနာခံစားရသူနှစ်ဦး တွေ့ရှိရသဖြင့် ကနဦးဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ တီဘီရောဂါ ကွင်းဆင်းရှာဖွေ ကုသခြင်းနှင့် အထွေထွေရောဂါကုသပေးခြင်း လုပ်ငန်းများကို ယခုလအတွင်း လယ်ဝေးမြို့နယ်အတွင်းရှိ ရှာချောင်းကျေးရွာနှင့် သဲကောကြီးကျေးရွာတို့တွင် ၂၈ ရက်၌ လည်းကောင်း၊ အောင်သာကျေးရွာတွင် ၂၉ ရက်၌ လည်းကောင်း၊ ဝက္ကမူကျေးရွာတွင် ၃၀ ရက်၌လည်းကောင်း ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရှိရသည်။

**(သန့်မောင်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု သွေးလှူဒါန်း

**ဘားအံ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့က (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရေးပေါ် လိုအပ်လာသော လူနာများအဆင်ပြေစေရန်အတွက်ရည်ရွယ်ပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဘားအံမြို့ ပြည်သူ့ဆေးရုံ သုံးထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဘားအံပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့ အရာရှိကိုးဦးနှင့် အခြားအဆင့် ၃၂ ဦး စုစုပေါင်းရဲတပ်ဖွဲ့ဝင် ၄၁ ဦးအား ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက လိုအပ်သော ဆေးစစ်မှုများပြုလုပ်ပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များကို စက်တင်ဘာ ၂၈ ရက်နံနက် ၉ နာရီက ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့သည်။

ခွေးရူးကာကွယ်ဆေးထိုးနှံခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူး ဒေါက်တာကျော်သူ၏ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ်ဦးစီးမှူး ဒေါက်တာတင်ထွန်းနှင့် မင်္ဂလာဒုံမြို့နယ်ဦးစီးမှူး ဒေါက်တာစိန်စိန်ကြီးတို့က ခွေး၊ ကြောင် အကောင် ၇၀ ကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

ပရီမီယာလိဂ်ရင်ခုန်သံ-၇

# ပိုက်ဟတ်လိမ်းမှာစောင့်ကြည့်ရမယ့်မန်စီးတီးရဲ့ခြေစွမ်း

ရှိုင်း
မင်း
မင်း

ပရီးမီးယားလိဂ်ပွဲစဉ်-၇မှာ မန်စီးတီးက စပါးနဲ့ဆုံတွေ့ရမယ်။ ဒါကြောင့်လည်းမန်စီးတီးတို့နိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ပွဲစဉ်-၆ မှာ ဂိုးပြတ်ရှုံးခဲ့တဲ့ ချယ်လ်ဆီး၊ လက်စတာတို့ကလည်း နိုင်ပွဲပြန်ရှာလာမှာဖြစ်လို့ အောက်တိုဘာ ၁၊ ၂ နေ့တွေမှာ ကျင်းပမယ့် ပွဲစဉ် - ၇ က စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အန်တိုနီယို( ဝက်စ်ဟမ်း) | - ၅ ဂိုး |
| ကော်စတာ( ချယ်လ်ဆီး) | - ၅ ဂိုး |
| အဂူရို(မန်စီးတီး) | - ၅ ဂိုး |
| လူကာကူ ( အဲဗာတန်) | - ၄ ဂိုး |
| စတာလင်း( မန်စီးတီး) | - ၄ ဂိုး |
| ဆန်းချက်ဇ်( အာဆင်နယ်) | - ၄ ဂိုး |

ပွဲစဉ် (၆)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၆ | ၆ | ၀ | ၀ | ၁၈ | ၅ | ၁၃ | ၁၈ |
| ၂ | စပါး | ၆ | ၄ | ၂ | ၀ | ၁၀ | ၃ | ၇ | ၁၄ |
| ၃ | အာဆင်နယ် | ၆ | ၄ | ၁ | ၁ | ၁၅ | ၇ | ၈ | ၁၃ |
| ၄ | လီဗာပူး | ၆ | ၄ | ၁ | ၁ | ၁၆ | ၉ | ၇ | ၁၃ |
| ၅ | အဲဗာတန် | ၆ | ၄ | ၁ | ၁ | ၁၀ | ၄ | ၆ | ၁၃ |
| ၆ | မန်ယူ | ၆ | ၄ | ၀ | ၂ | ၁၂ | ၇ | ၅ | ၁၂ |
| ၇ | ခရစ္စတယ်ပဲလေ့စ် | ၆ | ၃ | ၁ | ၂ | ၁၀ | ၇ | ၃ | ၁၀ |
| ၈ | ချယ်လ်ဆီး | ၆ | ၃ | ၁ | ၂ | ၁၀ | ၉ | ၁ | ၁၀ |
| ၉ | ဆောက်သမ်တန် | ၆ | ၂ | ၂ | ၂ | ၇ | ၆ | ၁ | ၈ |
| ၁၀ | ဝက်စ်ဘရွန်း | ၆ | ၂ | ၂ | ၂ | ၇ | ၆ | ၁ | ၈ |
| ၁၁ | ဝက်ဖို့ဒ် | ၆ | ၂ | ၁ | ၃ | ၁၀ | ၁၁ | -၁ | ၇ |
| ၁၂ | လက်စတာ | ၆ | ၂ | ၁ | ၃ | ၈ | ၁၁ | -၃ | ၇ |
| ၁၃ | ဘန်လေ | ၆ | ၂ | ၁ | ၃ | ၅ | ၈ | -၃ | ၇ |
| ၁၄ | ဟားလ်စီးတီး | ၆ | ၂ | ၁ | ၃ | ၇ | ၁၂ | -၅ | ၇ |
| ၁၅ | ဘုန်းမောက် | ၆ | ၂ | ၁ | ၃ | ၄ | ၉ | -၅ | ၇ |
| ၁၆ | မစ်ဒယ်ဘရော့ | ၆ | ၁ | ၂ | ၃ | ၆ | ၉ | -၃ | ၅ |
| ၁၇ | ဆွမ်းဆီး | ၆ | ၁ | ၁ | ၄ | ၅ | ၁၀ | -၅ | ၄ |
| ၁၈ | ဝက်စ်ဟမ်း | ၆ | ၁ | ၀ | ၅ | ၇ | ၁၆ | -၉ | ၃ |
| ၁၉ | စတုတ် | ၆ | ၀ | ၂ | ၄ | ၄ | ၁၅ | -၁၁ | ၂ |
| ၂၀ | ဆန်းဒါးလန်း | ၆ | ၀ | ၁ | ၅ | ၅ | ၁၂ | -၇ | ၁ |

### အဲဗာတန် - ပဲလေ့စ်

**နံနက် ၁း၁၅ (၁-၁၀-၁၆)**

အဲဗာတန်က ဘုန်းမောက်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန် လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ ဒ့ါအပြင်အဲဗာတန်ဟာ အိမ်ကွင်းပွဲတွေမှာလည်း အသင်းလိုက်ခြေစွမ်းပိုင်းပိုမိုပြီးကောင်းမွန် တတ်ပါတယ်။ ပဲလေ့စ်ကလည်းလက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်း မွန်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့်လည်း ပဲလေ့စ်ဟာ ခံစစ်ပိုင်းကကျစ်လစ်မှုမရှိပါဘူး။ အဲဗာတန်တို့ ဒီပွဲမှာ နိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

### ဟားလ် - ချယ်လ်ဆီး

**ည ၈း၃၀ (၁-၁၀-၁၆)**

ဟားလ်က ဂိုးပြတ်တွေနဲ့အရေးနိမ့်နေရပေမယ့် အဆိုပါပွဲတွေမှာ ကစားသမားတစ်ဦးစီထုတ်ပယ်ခံခဲ့ရတာကို သတိပြုရမှာပါ။ ဒီပွဲက အိမ်ကွင်းလည်းဖြစ်တာကြောင့် ဟားလ်တို့ ရလဒ်ကောင်းဖို့ ပြန်လည်အားစိုက်လာမှာသေချာနေပါ တယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း သုံးပွဲ ဆက်အနိုင်မရခဲ့တာကြောင့် အားစိုက်လာ မှာဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ နိုင်ပွဲပြန်ရ နိုင်ပါတယ်။

### ဝက်ဖို့ဒ် - ဘုန်းမောက်

**ည ၈း၃၀ (၁-၁၀-၁၆)**

အဲဗာတန်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ဘုန်းမောက်ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်နေသလို ခံစစ်ပိုင်း ကစားပုံလည်းကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကအ ဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းကျဆင်းတတ်သလို ဝက်ဖို့ဒ်ကလည်း အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီပွဲမှာ ဝက်ဖို့ဒ်တို့ အနိမ့်ဆုံးသရေရမယ်။

### မန်ယူ - စတုတ်

**ညနေ ၅း၃၀ (၂-၁၀-၁၆)**

မန်ယူက လက်စတာနဲ့ပွဲစဉ်မှာခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဘလင်းကိုဘယ်တောင်ပံခံစစ်မှာအသုံးပြုခဲ့လို့ ခံစစ်ပိုင်းကောင်းမွန်ခဲ့ကာ ရွန်နေးကိုပွဲထွက်အသုံးမပြုခဲ့တာကြောင့်လည်း ပေါ့ဘာ ပိုမိုလှုပ်ရှားနိုင်ခဲ့ကာ ခြေစွမ်းပြနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် မန်ယူတို့နိုင်ပွဲဆက်နိုင်အောင် အားစိုက်လာမှာသေချာနေပါတယ်။ စတုတ်ခြေကလည်း အခုနောက်ပိုင်း ကျဆင်းနေတာကြောင့် မန်ယူတို့အခွင့်အရေးရနိုင်ပါတယ်။

### စပါး - မန်စီးတီး

**ည ၇း၃၀ (၂-၁၀-၁၆)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းနိုင်ကြပေမယ့် ကစားသမားအင်အားပိုင်းမှာ မန်စီးတီးက ပိုမိုပြည့်စုံသလို လက်ရှိခြေစွမ်းပိုင်းကလည်း မန်စီးတီးက ပိုမို ကောင်းမွန်နေပါတယ်။ ဒါပေမယ့်လည်း စပါးကလည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားလာမှာဖြစ်တာကြောင့် မန်စီးတီးတို့လွယ်လွယ်တော့ အနိုင်မရနိုင်ပါဘူး။ မန်စီးတီးအနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ ခက်ခဲနိုင်ပါတယ်။

### ဆွမ်ဆီး - လီဗာပူး

**ည ၆း၀၀ (၁-၁၀-၁၆)**

လီဗာပူးကဟားလ်ကိုအနိုင်ရခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းပိုင်းကကောင်း မွန်မှုရှိခဲ့ပါတယ်။ တိုက်စစ်ပိုင်းမှာ ဖာမီနို၊ ကော်တင်ဟို၊ မာနီတို့ တွဲဖက်မိနေသလို ကွင်းလယ်ကလည်း ဖန်တီးပေးနိုင်အား ကောင်းမွန်နေပါတယ်။ ဆွမ်ဆီးကလည်းလက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးပါဘူး။ မန်စီးတီးနဲ့ပွဲစဉ်မှာ တုန့်ပြန်ကစားပုံကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒ့ါအပြင်ဆွမ်ဆီးက အိမ်ကွင်းလည်းဖြစ်လို့ အားစိုက်ကစားလာမှာသေ ချာနေပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့မထင်မှတ်ပဲခက်ခဲနိုင်ကာ နှစ်ဂိုးအသာလောက်ပဲရမယ်။

### ဆန်းဒါးလန်း - ဝက်စ်ဘရွန်း

**ည ၈း၃၀ (၁-၁၀-၁၆)**

ဆန်းဒါးလန်းခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့်ခံစစ်ပိုင်းက အားနည်းလွန်းနေတယ်။ ပဲလေ့စ်နဲ့ပွဲမှာ နှစ်ဂိုးအသာရယူနိုင်ခဲ့ပြီးမှ သုံးဂိုးပြန် ပေးခဲ့ရတဲ့ခံစစ်အနေအထားအရ ဒီပွဲမှာလည်း ဆန်းဒါးလန်းတို့ ဝက်စ်ဘရွန်းကို ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲနေပါတယ်။ ဝက်စ်ဘရွန်းကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရနေပါတယ်။ ဆန်းဒါးလန်းသရေထက်မပိုနိုင်ပါဘူး။

### ဝက်စ်ဟမ်း - မစ်ဒယ်ဘရော့

**ည ၈း၃၀ (၁-၁၀-၁၆)**

ဝက်စ်ဟမ်းက လက်ရှိအချိန်အထိခြေစွမ်းပိုင်းမတည်ငြိမ်သေးပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ နိုင်ပွဲရယူနိုင်ဖို့ အတွက်တော့ အားစိုက်လာမှာသေချာနေပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာလည်း မစ်ဒယ်ဘရော့ခြေစွမ်းက ကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက်အနိုင်မရခဲ့သလိုခံစစ်ပိုင်းကလည်း အဆိုပါ သုံးပွဲဆက်တိုက် ဂိုးတွေပေးခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဝက်စ်ဟမ်းပဲကပ်နိုင်မယ်။

### လက်စတာ - ဆောက်သမ်တန်

**ည ၇း၃၀ (၂၄-၉-၁၆)**

မန်ယူကိုရှုံးနိမ့်ခဲ့ရတာကြောင့် လက်စတာတို့နိုင်ပွဲပြန်လည်ရယူ နိုင်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ လက်စတာအနေနဲ့ ချန်ပီယံကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း ဆောက်သမ်တန်ကလည်း ယူရိုပါလိဂ်ကစားခဲ့ရလို့ပွဲပန်းလာနိုင်ပါတယ်။ ဒ့ါအပြင် ဆောက်သမ်တန်ခြေကလည်း အားနည်းမှုတွေရှိနေသလို လက်စတာရဲ့အိမ်ကွင်း လည်းဖြစ်တာကြောင့် လက်စတာနိုင်ပွဲပြန်ရနိုင်ပါတယ်။

### ဘန်လေ - အာဆင်နယ်

**ည ၁၀း၀၀ (၂-၁၀-၁၆)**

အာဆင်နယ်က ချယ်လ်ဆီးကိုအနိုင်ရခဲ့တဲ့ပွဲမှာ ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ဆန်းချက်ဇ်၊ အီဝိုဘီ၊ ဝဲလ်ကော့တို့ရဲ့တိုက်စစ်ပိုင်းကကောင်းမွန်မှုရှိခဲ့သလို အိုဇေးလ် ဦးဆောင်တဲ့ ကွင်းလယ်ကလည်း ဖန်တီးပေးနိုင်မှုကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဘန်လေကလည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားလာမှာဖြစ်တာကြောင့် အာဆင်နယ်တို့အခက်တွေ့နိုင်ပါတယ်။

## စပါးနှင့် ပွဲအတွက် စိတ်အားထက်သန်နေတဲ့ ဂွါဒီယိုလာ



မန်စီးတီးအနေဖြင့် စပါးအသင်း၏ အိမ်ကွင်းတွင် သွားရောက် ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်(၇)အတွက် စိတ်အားထက်သန်နေပြီဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဆိုလိုက်သည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ဒုတိယပွဲစဉ်တွင် ဆဲလ်တစ်အား အဝေးကွင်းတွင် သုံးဂိုးစီသရေ ကျခဲ့ခြင်းကြောင့် နိုင်ပွဲဆက် စံချိန်တစ်ရပ် ရပ်တန့်သွားခဲ့သော်လည်း ပရီမီယာလိဂ်တွင်ရာနှုန်းပြည့် နိုင်ပွဲရယူထားနိုင်သည့် တစ်ခုတည်းသော အသင်းဖြစ်နေဆဲ ဖြစ်သည်။ စပါးအသင်းမှာလည်း အဲဗာတန်နှင့် လီဗာပူးတို့နှင့် ပွဲစဉ်နှစ်ပွဲတွင်သာ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ကျန်ပွဲစဉ်လေးပွဲတွင် အနိုင်ရရှိခဲ့သည် ဖြစ်ရာ ရမှတ်၁၄မှတ်ဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယားဒုတိယနေရာတွင် ရောက်ရှိနေခြင်းကြောင့် နိုင်ပွဲဆက်မန်စီးတီးနှင့် ရှုံးပွဲမရှိသေးသည့် စပါးနှင့် ထိပ်တိုက်တွေ့ဆုံမှုမှာ မန်စီးတီးအတွက် စမ်းသပ်မှုတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း ဂွါဒီယိုလာက သုံးသပ်ခဲ့သည်။

(မေလဲ့သင်း)



# ကမ္ဘာလှည့်ခရီးသွားဧည့်သည် အသုံးပြုမှုများသည့် လမ်းအား တိုးချဲ့ပြုပြင်မှု ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ညောင်ဦး စက်တင်ဘာ ၃၀**
ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ FIT ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ နေ့ ည မပြတ် ဖြတ်သန်းသွားလာအသုံးပြုမှု အများဆုံးလမ်းဖြစ်သည့် အမှတ်(၄)ရပ်ကွက် ယခု ရွှေပြည်နန်းသနပ်ခါးပြတိုက်ရှိရာ သီရိပစ္စယာ (၄)လမ်းအား လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို စက်တင်ဘာ ၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၂၈ ဒသမ ၃၇ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်မှုဖြင့် ဟိန်းညီမင်းကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ သီရိပစ္စယာ(၄)လမ်း၏ အရှည်ပေ ၁၇၀၀ ရှိသည်။ ယခင် ၁၂ ပေရှိကတ္တရာလမ်းဟောင်း၏ ဘေးတစ်ဖက်တစ်ချက်စီအား သုံးပေစီချဲ့၍ ၁၈ ပေ အကျယ်ရှိသော ကတ္တရာလမ်း (ထပ်ပိုးလွှာ) ခင်းခြင်းကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလဆန်းပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဟု သိရသည်။

ယင်းလမ်းတွင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ တည်းခိုရာဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ပန်းချီ၊ ပန်းပု အမှတ်တရပစ္စည်းအရောင်းဆိုင်များ အများစု ရှိနေခြင်းကြောင့် ဧည့်သည်များသည် နံနက်ပိုင်းတွင် လေ့လာလည်ပတ်၍ပြန်လာပြီး ညနေပိုင်းနှင့် ညပိုင်းတွင် လမ်းလျှောက်အပန်းဖြေခြင်း၊ ညစာစားသောက်ခြင်း၊ အမှတ်တရပစ္စည်းဆိုင်များတွင် ဈေးဝယ်ထွက်ခြင်းတို့အတွက် အသုံးပြုနေသည့် လမ်းတစ်ခုကဲ့သို့ ဖြစ်နေပြီး ညပိုင်းတွင် ပိုမိုစည်ကားကြောင်း၊ ကားကြီး၊ ကားငယ်နှင့် ဆိုင်ကယ်များ အဝင်အထွက်များသည့် လမ်းဖြစ်သောကြောင့် ယခင် လမ်းဟောင်းအနေအထားမှာ ကျဉ်းမြောင်း၍ ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း၊ ယခုကဲ့သို့ လမ်းတိုးချဲ့ပြီး ကတ္တရာထပ်ပိုးလွှာခင်းပေးခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ အန္တရာယ်ကင်းရှင်းစွာ လေ့လာလည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်

**ပုလဲ စက်တင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က ပြည်ထောင်စုလွှတ်တော်မှ ချထားပေးသည့် ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းလုပ်ငန်း ၃၁ ခု၊ ပညာရေးလုပ်ငန်း ၁၃ ခု၊ တံတားလုပ်ငန်း ခြောက်ခု၊ ရေရရှိရေးလုပ်ငန်း သုံးခု၊ ရေကျော်လုပ်ငန်းငါးခုနှင့် သီးခြားလုပ်ငန်း နှစ်ခုတို့ကို ဆောင်ရွက်မည်ဖြစ်ရာ ရန်ပုံငွေများ ရရှိသည့် ရပ်ကွက်၊ ကျေးရွာများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီမှု ရှိရေးနှင့် အရည်အသွေးပြည့်မီပြီး အလေအလွင့်မရှိအောင် စေတနာထားပြီး ပြည်သူများအတွက် အမှန်တကယ် ထိရောက် အကျိုးပြုအောင် ဆောင်ရွက်ပေးစေလိုကြောင်း ရန်ပုံငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က လုပ်ငန်းကဏ္ဍအလိုက်ခွင့်ပြုသည့် ရန်ပုံငွေများကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဗေယျာမြေ)**

# အိမ်အကူအဖြစ်ခိုင်းစေနေသည့် မိန်းကလေးအား ညှဉ်းပန်းနှိပ်စက်သူများကို အရေးယူနိုင်ရေးဆောင်ရွက်

**လှိုင်ကော် စက်တင်ဘာ ၃၀**
ကယားပြည်နယ် လှိုင်ကော်မြို့ မင်း/၂၅၉ အုပ်စု (၁၁) မင်းစုရပ်ကွက်နေအိမ်၌ စက်တင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက အိမ်အကူအဖြစ် ခိုင်းစေနေသည့် မိန်းကလေးတစ်ဦးအား ညှဉ်းပန်းနှိပ်စက်သည့် မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တရားလို မမီမီခင်နှင့် ညီမဖြစ်သူ မသက်သက်ထွန်းတို့နှစ်ဦးသည် ဦးမောင်ပုံ+ဒေါ်ဇာဇာတို့ထံသို့ ဟင်းများသွားရောက်ပို့ဆောင်စဉ် ဦးမောင်ပုံတို့နှင့် တစ်ဝိုင်းတည်းနေထိုင်သူ ကောင်လေး (ခ) မျိုးနိုင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူ မဖြူသွယ် (ခ) သူဇာအောင်တို့၏ အိမ်အကူ မိထက်က တရားလိုနှင့် မသက်သက်ထွန်းတို့နှစ်ဦးအား အိမ်ရှင်သည် မိမိအား ညှဉ်းနှိပ်စက်ပြီး ထမင်းလည်းမကျွေး တံမြက်စည်းရိုးဖြင့် ကျောကုန်းနှင့် လက်များအား ရိုက်၍ မကျိုးကိုင်းဖြင့် ယာဘက်မျက်လုံးအား ရိုက်သဖြင့် ယာဘက်မျက်လုံး၊ လက်၊ ကျောကုန်းတို့တွင် ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိခဲ့ကြောင်း ပြောပြခဲ့သည်။

အိမ်ရှင်လင်မယားမှ မိမိအား တစ်လလျှင် ၃၀၀၀၀ ကျပ်ပေး၍ ခိုင်းစေခဲ့ကြောင်း၊ ၎င်းနေအိမ်မှ မိမိအားကယ်ထုတ်ပေးရန် မိထက်က ပြောသဖြင့် တရားလို မမီမီခင်က ဦးမောင်ပုံ၊ မစန္ဒာ၊ မနော်ခမ်းသိန်းတို့သုံးဦးနှင့် တိုင်ပင်ကာ မင်းစုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံသို့သွားရောက် တိုင်တန်းရာ အုပ်ချုပ်ရေးမှူးက မင်းစုရပ်ကွက် ရာအိမ်မှူးများအား ဖုန်းဆက်ခေါ်ပြီး ကောင်လေးနှင့် မဖြူသွယ်တို့နေအိမ်သို့ သွား၍ နစ်နာသူ မိထက်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်လာခဲ့သည်။

မိထက်အား ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိအောင် ပြုလုပ်သူ လင်မယားအား ဥပဒေအရ အရေးယူပေးရန် မမီမီခင်ကတရားလိုပြု၍ အုပ်ချုပ်ရေးမှူးနှင့်အတူ ရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် လှိုင်ကော်မြို့မရဲစခန်းမှ စစ်ဆေးမေးမြန်းမှုများပြုလုပ်ကာ ဆေးစာများအရ ကောင်လေး (ခ)မျိုးနိုင်ထွန်းနှင့် မဖြူသွယ် (ခ) မသူဇာအောင်တို့အား ပြစ်မှုပုဒ်မ - ၁၈၁/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၂၃/၃၂၅ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **ကိုစိုင်း (လှိုင်ကော်)**



# ပဉ္စမအကြိမ် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် နို့နှင့်အာဟာရများ တိုက်ကျွေး

**နေပြည်တော်၊ စက်တင်ဘာ ၃၀**
ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများအား နို့နှင့် အာဟာရများတိုက်ကျွေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



ယင်းနေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ Myanmar CP Livestock Co.,Ltd၊ Tetra Leval Co.,Ltd နှင့် Nestle Co.,Ltd တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများအား နွားနို့များတိုက်ကျွေးခြင်းနှင့် အာဟာရများ ကျွေးမွေးခဲ့ကြသည်။ **ထွန်းထွန်းဝင်း**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရေး အသိပညာပေးခြင်းဆောင်ရွက်

**ဝါးခယ်မ စက်တင်ဘာ ၃၀**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အတွင်းမှ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်စေရေးအတွက် အသိပညာပေး ဆောင်ရွက်မှုအနေဖြင့် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက စက်တင်ဘာ ၂၈ ရက် နံနက်တွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လျှပ်စစ်ဓာတ်အားကို နေရာအနှံ့အပြား၌ သုံးစွဲလျက်ရှိရာ အချို့သောသူများက လျှပ်စစ်အန္တရာယ်ကြီးမားမှုကို မသိရှိ၍ အမှတ်မထင် ပေါ့ဆစွာ ပြုလုပ်မှုကြောင့် ဓာတ်လိုက်ခံရခြင်း၊ ဓာတ်လိုက်သေဆုံးခြင်း၊ မီးလောင်ခြင်း ဖြစ်ပွားစေနိုင်သည့်အတွက် ကြိုတင်သတိပြု ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုကြစေရန် ကျောင်းသား၊ ကျောင်းသူများသာမက ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွားပြည်သူများပါ သိရှိစေရန် အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာဈေး၊ အ-ထ-က (၁) ကျောင်းရှေ့၌ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဈေးရပ်ကွက်မြူရုံးလမ်းနှင့် ခေါက်ဆွဲတန်းလမ်းထိပ်၌ မြေစိုက်ပိုစတာ စိုက်ထူပြီး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# စွန်ရဲအင်းအလှထက် ဒေသခံတို့၏ရိုးသားဖော်ရွေခြင်းက ဧည့်သည်များကို ပိုမိုစွဲဆောင်နေ

**ကျောက်ဆည် စက်တင်ဘာ ၃၀**
ကျောက်ဆည်မြို့ စွန်ရဲအင်းဒေသသည် ၂၀၁၆ ခုနှစ် ဇွန်လမှစတင်ကာ လူအများ အပန်းဖြေလာရောက်လည်ပတ်မှုများပြားလာရာ မူလက လှေငယ်ငါးစင်းခန့်သာရှိရာမှ ယခုအခါတွင် လှေအစင်း ၁၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

စွန်ရဲအင်းအလှမှာ ဒေသခံတို့၏ ရိုးသားမှုအလှကြောင့် ပိုမိုလှပလာသည်ဟု ဧည့်သည်များက တင်စားထားသည်။ လှေထိုးသူများမှာ အင်းအနောက်ဘက်ရှိ အိမ်ခြေ ၂၀၀ခန့်ရှိသည့် အင်းကုန်းမှ လာရောက်လှေထိုးသူများဖြစ်သည်။ လှေထိုးသူများမှာ စုပေါင်းလုပ်ဆောင်ကြသည်။ စုပေါင်း လှေထိုးကာ စုပေါင်းလုပ်ကိုင်ပြီး ရရှိလာသည့်ငွေကို အချိုးကျညီမျှစွာခွဲဝေယူသည့်စနစ်ကို အသုံးပြုခြင်းပင်ဖြစ်သည်။ လူတစ်ဦးလျှင် လှေစီးခ ငွေကျပ် ၃၀၀၀ ဟု သတ်မှတ်ထားပြီး လှေတစ်စီးလျှင် လူလေးဦးခန့် တင်ဆောင်လှော်ခတ်ပေးသည်။ လူတစ်ဦး ကျပ် ၃၀၀၀ ဟု ဆိုသော်လည်း အများစုမှာ ညှိနှိုင်းဈေးဖြင့် အဆင်ပြေအောင်လုပ်ဆောင်ပေးကြသည်။

လှေခေါင်း(လှေဦးစီး)မှ ဦးဆောင်ကာ ဧည့်သည်များကို လှေဖြင့် ကြာတောများဆီပို့ဆောင်လှော်ခတ်ပေးပြီး အချိန်ကန့်သတ်ခြင်းမရှိပေ။ ဧည့်သည်စိတ်တိုင်းကျ လှော်ခတ်ပေးကြသည်။ လှေတစ်စီးထွက်ပြီဆိုသည်နှင့် လှေထိုးသားများ ဝိုင်းဝန်းတွန်းပေးခြင်းမှအစ ကူညီလုပ်ကိုင်ကြသည်။ ကိုယ်ရ ကိုယ်ယူစနစ်မဟုတ်ဘဲ ညီတူပူးပေါင်း လုပ်ဆောင်သည့်အတွက် ဒေါသ မောဟ လောဘကင်းကာ ပြုံးရွှင်စွာဖြင့် ငြိမ်းချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

စွန်ရဲအင်းရောက်သူတိုင်းအတွက် မဖြစ်မနေ ယူဆောင်ငှားရမ်းသွားသည့်အရာမှာ မြန်မာ့ရိုးရာ ပုသိမ်ထီးကလေးများပင်ဖြစ်သည်။ ကြာပန်းအလှ၊ ပုသိမ်ထီးနှင့် လှေပေါ်လိုက်ပါသွားသည့်အလှသည် လက်ရှိကာလတွင် ပေါ်ပြူလာအဖြစ်ဆုံးသော ဖက်ရှင်များပင်ဖြစ်သည်။

ဧည့်သည်များလာချိန်တွင် ရွာထဲမှ အင်းအလှပျက်မည်စိုးသဖြင့် ကြာပန်းခူးကာ ဝတ်ဆံထုတ်ရောင်းသည့်လုပ်ငန်းကို နားထားကာ ပုသိမ်ထီးငှားခြင်းများကို လုပ်ကိုင်ကာ တစ်ရွာလုံး ညီမျှစွာ လုပ်ကိုင်စားသောက်ကြသည်။ ညာခြင်း၊ ဟန်ဆောင်ခြင်းကင်းကာ ဧည့်သည်တိုင်းကို လေးစားစွာဆက်ဆံကြသည်။ မေးသမျှဖြေသလို ဧည့်သည်များကို ကူညီပေးသည့်အတွက် စွန်ရဲအင်းလာသည့် ဧည့်သည်တိုင်းစိတ်ချမ်းသာကြသည်။

အမျိုးသမီးများ ပုသိမ်ထီးငှားပြီဆိုလျှင် ဝန်ဆောင်မှုပေးသူများသာမက ဈေးရောင်းသူများကပင် ဝတ်ဆင်လာသည့် အင်္ကျီအရောင်နှင့်လိုက်ဖက်သည်များကိုပင် ရွေးပေးကြသည်။ အားလုံးကိုလှစေချင် အဆင်ပြေစေချင်သည့်သဘောဆန္ဒရှိနေကြပြီး ရိုးသားပွင့်လင်းဖော်ရွေသည့်ဆက်ဆံမှုမှာ စွန်ရဲအင်းအလှကို ပိုမိုတောက်ပြောင်စေသည်။ ဧည့်သည်များ စိတ်ချမ်းသာမှုကိုပေးစွမ်းခြင်းနှင့်အတူ ဧည့်သည်များကိုလှစေချင် စိတ်ချမ်းသာစေချင်သည့်စိတ်အလှက ဧည့်သည်များကို ပိုမိုစွဲဆောင်လျက်ရှိကြောင်းသိရသည်။

စွန်ရဲအင်းမှာ ယခင်ကဒေသခံများ တံငါလုပ်ငန်းလုပ်ကိုင်ရာ အင်း၊ ကြာပန်းခူးကာ ကြာဝတ်ဆံထုတ်ယူကာ ရောင်းချရသည့် အင်းပင်ဖြစ်သည်။ မန္တလေးမြို့ရှိ ဓာတ်ပုံအသင်းများမှ စွန်ရဲအင်းအလှ ဓာတ်ပုံပြိုင်ပွဲများ ပြုလုပ်ခဲ့သည့်အင်းပင်ဖြစ်သည်။ **တိမ်တမန်**



## ကျောင်းသား၊ ကျောင်းသူများ မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း သိရှိစေရန် ပညာပေးဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၃၀**
ခရိုင်မီးသတ်ဦးစီးဌာနက အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အင်္ဂပါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် ကော့သောင်းခရိုင် ကော့သောင်းမြို့ မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းသူ၊ ကျောင်းသားများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသုံးစွဲရာတွင် သိသင့်သိထိုက်သည်များ၊ ဆောင်ရန် ၊ ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောခဲ့သည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ကျောင်းသား၊ ကျောင်းသူများ စိုးရိမ်ထိတ်လန့်မှု မဖြစ်စေရေးစနစ်တကျ ဆောင်ရွက်ရမည့် မီးငြိမ်းသတ်မှု နည်းစနစ်များအား သရုပ်ပြသပေးခြင်းဖြစ်ပြီး ကျောင်းသား ၊ကျောင်းသူများကိုယ်တိုင် မီးငြိမ်းသတ်နည်းစနစ်များအား လက်တွေ့ပညာပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြော

**ဝါးခယ်မ စက်တင်ဘာ ၃၀**
ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်သုံးစွဲမှု မှန်ကန်စွာဖြင့် လုံခြုံစိတ်ချရသည့် အစားအသောက်များကို သုံးစွဲတတ်စေရန်နှင့် စားသုံးသူရေးရာနှင့်ပတ်သက်ပြီး အသိပညာ ဗဟုသုတကောင်းများ ရရှိစေရန် ပညာပေးဟောပြောမှုကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန (ခေတ္တ) တိုင်းဦးစီးမှူး ဦးကျော်ငြေနှင့် ဌာနခွဲမှူး ဦးစောမိုက်ကယ်တို့က ကျောင်းသား၊ ကျောင်းသူ အပါအဝင် ပြည်သူအားလုံးအတွက် ဥပဒေအရပေးထားသည့် အကာအကွယ်များကို သိရှိစေရန်၊ ဘေးဥပါဒ်ကင်းရှင်းသောအစားအသောက်များကို ရွေးချယ်သုံးစွဲနိုင်စေရန်၊ ဓာတုဆိုးဆေးများ၊ ၂၀၁၄ ခုနှစ် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မှ ဝန်ထမ်းများက စားသုံးသူ အကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**



## မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကံ့ကော်တောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများစစ်ဆေး

**ဖယ်ခုံ စက်တင်ဘာ ၃၀**
ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးဌာနမှ ညောင်ကုန်း (၅) ရပ်ကွက် ကံ့ကော်တောလမ်းအား မြေသားလမ်းမှ ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ ကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးထိန်လင်းတို့က စက်တင်ဘာ ၂၈ ရက်က လိုက်လံစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်စိုးက လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ကံ့ကော်တောလမ်းအား မြေသားလမ်းမှကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းအရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေကို ခွင့်ပြုရန်ပုံငွေကျပ် ၇၆၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထွေး**

## လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်း စီမံချက် လုပ်ငန်းပြန်လည်ဆန်းစစ်ဆွေးနွေးပွဲ ပြုလုပ်

**မြိုင် စက်တင်ဘာ ၃၀**
ယူနီဆက် (UNICEF) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက် (Community – LedTotal Sanitation (CLTS) Project) လုပ်ငန်းပြန်လည်ဆန်းစစ် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀နာရီက မြိုင်မြို့ အမှတ်(၁) ရပ်ကွက် စည်းစိမ်စံခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာ စုလှိုင်မြင့်က ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဘဏ္ဍာရေးမှူး ဦးကိုကိုက မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကြီး၏ လက်ရှိဆောင်ရွက်နေသော စီမံချက်များတွင် ပြည်သူများ ယင်လုံအိမ်သာသုံးစွဲရေးနှင့်တောထိုင်ခြင်း ဓလေ့အမှုကို ပပျောက်စေလိုသောအဓိက ရည်မှန်းချက်များကိုလည်းကောင်းပြောကြားခဲ့သည်။ ယူနီဆက်အဖွဲ့ ကိုယ်စားလှယ် ဒေါက်တာ မြသန်းထွန်းက လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်း စီမံချက်တွင်လုပ်ငန်းပြန်လည် ဆန်းစစ်ဆွေးနွေးခြင်း၊ ကူညီထောက်ပံ့ပေးမှုများတွင်သာမက အသိပညာပေး ခြင်းများကိုပါ ရှင်းလင်းပြောကြားခဲ့သည်။ မြိုင်မြို့နယ် စီမံချက်တာဝန်ခံ ဦးလှအောင်က မြို့နယ်တွင်း ဆောင်ရွက်ခဲ့သော စီမံချက်အောင်မြင်မှုများနှင့်ပတ်သက်သည်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ လူထုဦးဆောင်သော အလုံးစုံ သန့်ရှင်းရေးစီမံချက်တွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော ရွာလုံးကျွတ် တောထိုင်ဓလေ့ကင်းစင်သော ဘုန်းကြီးကန်ကျေးရွာအုပ်စု ဆည်တောကျေးရွာ အုပ်ချုပ်ရေးမှူးအား လည်းကောင်း၊ အိုရင်းကျေးရွာအုပ်စု ဇီးတောကျေးရွာ အဖွဲ့ခေါင်းဆောင်အား လည်းကောင်း၊ ထနောင်းဝင်းကျေးရွာအုပ်စု အလုံကြီးကျေးရွာ အဖွဲ့ခေါင်းဆောင်အားလည်းကောင်း၊ ရွာလုံးကျွတ် တောထိုင်ဓလေ့ကင်းစင်သော ကျေးရွာ ၁၁ ရွာအတွက် အိုရင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ ဦးအောင်ကိုအားလည်းကောင်း တာဝန်ရှိသူများကဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် တက်ရောက်လာကြသူအားလုံးက လူထုဦးဆောင်သော အလုံးစုံ သန့်ရှင်းရေး စီမံချက်နှင့် ပတ်သက်၍ အထွေထွေ အပြန်အလှန် ဆွေးနွေးမေးမြန်းခြင်းများပြုလုပ်ခဲ့ပြီး အသိပညာပေးခြင်း၊ စီမံချက်နှင့်ပတ်သက်၍ လူထုစိတ်ဝင်တစားဖြစ်စေရန် စည်းရုံးဆောင်ရွက်သွားကြရန် တာဝန်ရှိသူများက တိုက်တွန်းဆွေးနွေးခဲ့သည်။ **အောင်ကျော်မြင့်**

## သရက်ချောင်းမြို့၌ ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**သရက်ချောင်း စက်တင်ဘာ ၃၀**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းအေးနှင့် ဝန်ထမ်းများက တစ်အိမ်တက် တစ်အိမ်ဆင်း ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

သရက်ချောင်းမြို့နယ်အတွင်း ခွေးရူးရောဂါ မဖြစ်ပွားစေရေးအတွက် မော်ရှည်ကုန်းရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့မရပ်ကွက်တို့တွင် အိမ်တိုင်ရာရောက် အိမ်မွေးခွေး၊ ကြောင် အကောင် ၁၀၀ အား ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေး အခမဲ့ထိုးပေးပြီး အိမ်မွေးခွေး၊ ကြောင် မွေးမြူသူများအား မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပညာပေးဟောပြောခဲ့သည်။ **နိုင်ဝင်း(ပြန်/ဆက်)**



## ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်ရည်ရွယ်၍ မကွေးခရိုင်ရုံးတွင် ပုံပြောပြိုင်ပွဲများကျင်းပ

**မကွေး စက်တင်ဘာ ၃၀**
ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်စေရန်နှင့် စာဖတ်စွမ်းရည်များ မြင့်မားစေရန် ရည်ရွယ်ပြီး စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံး အပေါ်ထပ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ပုံပြောပြိုင်ပွဲတွင် အမှတ်ပေးဒိုင်အဖြစ် ဆောင်ရွက်သည့် မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးသိုက်ထွန်းက အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ပုံပြောပြိုင်ပွဲကို မကွေးမြို့ အမှတ် ၁၀ အခြေခံပညာအလယ်တန်း(ခွဲ)မှ မူလတန်းကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပုံပြောပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိဂီနှင့် Save the Children မှ တိုင်းမန်နေဂျာ ဦးနေမျိုးထွန်း၊ အကြီးတန်းစီမံချက်အရာရှိ ဒေါက်တာမာန်ဝင်း၊ မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးသိုက်ထွန်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပုံပြောပြိုင်ပွဲသို့ တက်ရောက်လာသည့် အမှတ် ၁၀ အခြေခံပညာအလယ်တန်း(ခွဲ)မှ မူလတန်းကျောင်းသား၊ ကျောင်းသူကလေးငယ်များကို မကွေးတိုင်းဒေသကြီးနှင့် မကွေးခရိုင် ပြန်/ဆက်မှ ဘောပင်နှင့် အချိုရည်များ ဝေငှပေးခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကို စာစီစာကုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများကို ပေးအပ်ပေးသည့် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်၊ Save the Children မှ တိုင်းမန်နေဂျာ ဦးနေမျိုးထွန်းနှင့် ကျောင်းသားမိဘများအား မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပုံပြောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းသားတစ်ဦးက "အခုလို ပုံပြောပြိုင်ပွဲတွေ ဝင်ပြိုင်ရတော့ သားတို့ဖတ်ထားတဲ့ ပုံပြင်တွေထဲက ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ ပုံပြင်တွေကို ပြန်ပြောရတာပါ။ အခုလို ပုံပြောပြိုင်ပွဲတွေ အများကြီး လုပ်ပေးစေချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ရေးမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် ဇွန်လအထိမွေးဖွားသူ ၈၉၄ ဦးရှိကာ သေဆုံးသူ ၇၃ ဦးရှိ

**ရေး စက်တင်ဘာ ၃၀**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ခုတင် ၁၀၀ ဆံ့ ဆေးရုံတစ်ရုံ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံလေးရုံတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အတွင်းလူနာပေါင်းမှာ ၄၇၀၄ ဦးဖြစ်၍ ပြင်ပလူနာပေါင်းမှာ ၁၀၀၄၀ ရှိရာ မွေးဖွားသူပေါင်းမှာ ၈၉၄ ဦးရှိကာ သေဆုံးသူပေါင်းမှာ ၇၃ ဦးရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ရေးမြို့နယ်အတွင်းရှိ ဆေးရုံသို့ လာရောက်ကုသမှုခံယူသူ အများဆုံးမှာ အရေးပေါ်လူနာများထဲတွင် ယာဉ်တိုက်မှုကြောင့် ဆေးဝါးကုသမှုခံယူသူများပြားနေပြီး ဝမ်းပျက်ဝမ်းလျှောနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရသူများမှာ ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

ရောဂါများဖြင့် သေဆုံးမှုအများဆုံးမှာ နှလုံးသွေးကြောဆိုင်ရာရောဂါ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ မွေးကင်းစကလေးအသည်းရောင်အသားဝါရောဂါများဖြင့် သေဆုံးမှုမှာ အများဆုံးဖြစ်နေကြောင်း၊ ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက ပြောသည်။

ရေးမြို့နယ်တွင် ကျန်းမာရေးဆိုင်ရာ လက်ရှိအခြေနေမှာ ကျန်းမာရေးဌာနမှ ပညာရှင်ဆရာဝန်အပိုင်းတွင် လုံလောက်မှုရှိပြီး အောက်ခြေဝန်ထမ်းအရေအတွက် လိုအပ်ချက်များရှိနေ၍ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများထံသို့ တင်ပြတောင်းခံထားကြောင်း ဒေါက်တာမေစန်းချိုက ဆက်လက်ပြောသည်။

ရေးမြို့နယ်တွင် ခုတင် ၁၀၀ ဆံ့ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံလေးရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခုနှင့် ပုဂ္ဂလိကပိုင်ဆေးရုံနှစ်ရုံရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ယင်းမာပင်မြို့ မဟာဇေတိကာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မုံရွာ စက်တင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာလတတိယပတ်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ရှိ မဟာဇေတိကာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ပြီး အဆိုပါကျောင်းအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦးအတွက် စာရေးကိရိယာများ၊ မုန့်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များသည် မဟာဇေတိက တောရသီလရှင်စာသင်တိုက်နှင့် ရွှေပေါက်ပင် ပရဟိတသီလရှင်ကျောင်းသို့ရောက်ရှိကြရာ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့အား ထောက်ပံ့ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မီးရှူး၊ မီးပန်း၊ ဗျောက်အိုး၊ ရှူးဒိုင်းပစ်ဖောက်ခြင်း၊ သိုလှောင်ရောင်းဝယ်ခြင်းမပြုရန် အသိပေး

**မန္တလေး စက်တင်ဘာ ၃၀**
သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ပွဲတော်ကာလများတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်ရှိ ရပ်ကွက်များတွင် မီးရှူး၊ မီးပန်း၊ ဗျောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်း၊ သိုလှောင်ရောင်းဝယ်ခြင်းများ မပြုလုပ်ရန် မန္တလေးခရိုင်ခုနစ်မြို့နယ် အုပ်ချုပ်ရေးမှူးများက စက်တင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

မီးရှူး၊ မီးပန်း၊ ဗျောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းကြောင့် အများပြည်သူတို့အား အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် မီးရှူး၊ မီးပန်း၊ ဗျောက်အိုး၊ ရှူးဒိုင်းများ သယ်ဆောင်၊ ရောင်းဝယ်၊ ပစ်ဖောက်ခြင်း၊ ဖြန့်ဖြူးခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသန္တရအမိန့်အမှတ် (၁/၂၀၁၆)ကို ထုတ်ပြန်၍ တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာ – ထိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၃၀**
မြန်မာ - ထိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ Golden Cherry Hotel တွင် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အုပ်ချုပ်ရေးမှူး Mr.Chutidet Meechon တို့က မိတ်ဆက်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းနှင့် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်များမှ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးခြင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် အတတ်ပညာများ စနစ်တကျတိုးတက်ပြန့်ပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ စနစ်တကျရေရှည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အစေ့ထုတ်ပြောင်းများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး စက်စွမ်းအားဖြင့် ဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၃၀**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကင်မွန်းတန်း၊ လက်ပန်တော၊ ဆင်သေ၊ ခြုံကြီး၊ ရှားတော၊ ရေအေး၊ ကျားသေအိုင်၊ နွယ်ရစ်ကျေးရွာများတွင် ပြောင်းအစေ့ထုတ်ခြင်းလုပ်ငန်းများကို ယခင်လက်ခြွေစနစ်မှ စက်ခြွေစနစ်များသို့ တောင်သူအချို့ ကူးပြောင်းလုပ်ဆောင်လာကြကြောင်း ဒေသခံပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့နယ်ဘက် (၈၈၈) မျိုးကို အဓိကစိုက်ပါတယ်။ အစေ့ထုတ်ပြောင်းမျိုးတွေက (၈၈၈)၊ (၉၉၉)၊ (၀၂၉)ဆိုပြီး အမျိုးမျိုးရှိပါတယ်။ (၈၈၈) မျိုးစေ့တစ်အိတ် ကျပ် ၂၅၀၀၀ နှုန်းနဲ့ ဝယ်ယူရပါတယ်။ တစ်အိတ်ကို တစ်ဧကလောက် စိုက်ပျိုးလို့ရပါတယ်။ စိုက်တဲ့အချိန်ကတော့ ဇွန်လဆန်းပိုင်းလောက်မှာ စတင်စိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီးရက် ၃၀ သားလောက်မှာ သံထွန်လိုက်ပြီး ပေါင်းမြက်သုတ်သင်ခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပေါင်းလုံးခြင်းလုပ်ငန်းများ လုပ်ဆောင်ရပါတယ်။ စိုက်ပျိုးပြီး သုံးလခွဲကြာတဲ့အခါမှာ ပြောင်းချိုးခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်ခြွေအစေ့ထုတ်ခြင်း ပြုလုပ်ပါတယ်။ ပြောင်းဖူးစေ့များကို ရောင်းတန်းဝင်အဆင့်ရရှိအောင် ပိုမိုခြောက်သွေ့တဲ့အထိ ထပ်မံအခြောက်လှမ်းရပါတယ်။ အထွက်နှုန်းအနေနဲ့ကတော့ တစ်ဧကလျှင် တင်း ၈၀ နီးပါးလောက်ထွက်ရှိပြီး ကုန်ကျမှုအနေနဲ့ကတော့ ထယ်ရှည်း၊ ထွန်ရှည်း၊ အလုပ်သမားခ၊ စက်ခြွေခ စုစုပေါင်းသွင်းအားစုအပါအဝင် တစ်ဧကကုန်ကျငွေကျပ် ၂၀၀၀၀၀ နီးပါးရှိပြီး ရောင်းချမှုအနေနဲ့ အခုပေါက်ဈေး တစ်တင်းလျှင် ကျပ် ၆၀၀၀ ကျော်လောက်ရောင်းရပါတယ်။ ယခင်နှစ်ကထက် ဈေးနှုန်းလျော့၍ တောင်သူများ အမြတ်နည်းကြပါတယ်။ ပြောင်းတစ်ဧကလျှင် ၃၀၀၀၀၀ အမြတ်ခန့်မှန်းထားပါတယ်" ဟု ကြံဖိုကျေးရွာမှ ပြောင်းစိုက်တောင်သူ ဦးဝင်းနိုင်က ပြောသည်။

ယင်းဒေသများတွင် အစေ့ထုတ်ပြောင်းများ အဓိကစိုက်ပျိုးကြပြီး မြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်ဧက ၃၁၁၁ စိုက်ပျိုးလျက်ရှိရာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ပြောင်းချိုးခြင်း၊ အခြောက်လှမ်းခြင်း၊ အစေ့ထုတ်ခြင်းလုပ်ငန်းများလုပ်ကိုင်နေပြီဖြစ်သည်။**တင်စိုးလွင်**



# မိုးသည်းထန်စွာရွာသွန်းသဖြင့် မယ်ချဉ်ပေါင်အုတ်ရေလှဲဆည် မြေသားဆည်ပေါင် ရေစီးနှင့် မျောပါပျက်စီး



**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီးဆည်ရေသောက် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာ မယ်ချဉ်ပေါင်အုတ်ရေလွှဲဆည် မြေသားဆည်ပေါင် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အနက် ပေ ၂၀ ခန့်မှာ စက်တင်ဘာ ၂၂ ရက်က မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် ရေစီးနှင့်မျောပါ ပျက်စီးသွားကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေအနေနဲ့ မယ်ချဉ်ပေါင်ဆည်ကြီး ကောင်းမွန်မှသာ တောင်သူတွေ စိုက်ပျိုးထားတဲ့ မိုးစပါးဧက ၅၀၀ ခန့်မှာ အောင်မြင် ဖြစ်ထွန်းမှာဖြစ်ပါတယ်။ ဒါကြောင့် ဆည်ကြီးအမြန်ဆုံးကောင်းမွန်ရေး သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ဆည်ကော်မတီဝင် ဦးသိန်းစိုးကပြောသည်။

အဆိုပါဆည်ကြီး ရေစီးနှင့် မျောပါသွားသဖြင့် ဒေသခံတောင်သူများ စုပေါင်း၍ စက်တင်ဘာ ၂၈ ရက်က စတင်၍ သဲအိတ်ချခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြသည်။ **(၅၈၀)**

